# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်၊ Established in 1914

Myanma Alinn Daily

၁၃၈၇ ခုနှစ်၊ ဝါခေါင်လဆန်း ၁၄ ရက် | ၂၀၂၅ ခုနှစ်၊ ဩဂုတ် ၇ ရက်၊ ကြာသပတေးနေ့ | အတွဲ (၆၄)၊ အမှတ်(၃၀၇)


**ဝီရိယကို မြဲမြံစွာအားထုတ်**

ပျင်းရိသည်ဖြစ်၍ ဝီရိယမရှိဘဲ အနှစ်တစ်ရာပတ်လုံး အသက်ရှည်နေရခြင်းထက် ဝီရိယကို မြဲမြံစွာ အားထုတ်သော သူ၏ တစ်ရက်မျှအသက်ရှည်ရခြင်း သည် မြတ်၏။

သဟဿဝဂ်(ဓမ္မပဒ-၁၁၂)

## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်း နိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# ပေါက်ခေါင်းမြို့နယ်၌ မိုးစပါးစိုက်ကေပေါင်း ၄၀၀၀၀ ကျော် လျာထားစိုက်ပျိုးမည်

ပေါက်ခေါင်း ဩဂုတ် ၆

ပဲခူးတိုင်းဒေသကြီး ပေါက်ခေါင်းမြို့နယ်အတွင်းရှိ တောင်သူလယ်သမားများအနေဖြင့် စပါးကို အဓိကထားစိုက်ပျိုးကြရာ ယခုနှစ်တွင်လည်း မိုးစပါးစိုက်ကေပေါင်း ၄၀၀၀၀ ကျော်ကို စိုက်ပျိုးရန် လျာထားပြီးဖြစ်ကြောင်း သိရသည်။

ပေါက်ခေါင်းမြို့နယ်အတွင်းရှိ ကျေးရွာများ၌လည်း မိုးစပါးကို တချို့တစ်ဝက် စိုက်ပျိုးပြီးစီးပြီဖြစ်ပြီး ထိုသို့ စိုက်ပျိုးရာ၌ ဇွန်လနှင့် ဇူလိုင်လများတွင် စတင်စိုက်ပျိုးကြကာ ဒီဇင်ဘာလတွင် ပြန်လည်ရိတ်သိမ်းပြီး ဆောင်းသီးနှံများကို ထပ်မံစိုက်ပျိုးခြင်းဖြင့် မြေဆီလွှာကို ထိန်းသိမ်းနိုင်မည်ဖြစ်ကြောင်းနှင့် လျာထားကေ ပြည့်မီကျော်လွန်အောင် ဆက်လက်စိုက်ပျိုးနိုင်ရန်အတွက်

*စာမျက်နှာ ၄ ကော်လံ ၁ ➲*



**ယနေ့ ဖတ် စ ရာ**

**၂၀၂၅ ခုနှစ် ဇူလိုင်လအတွင်း (၁၆-၇-၂၀၂၅ ရက်နေ့မှ ၃၁-၇-၂၀၂၅ ရက်နေ့အထိ) ဝန်းကျင်လေထုအရည်အသွေး လေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်**

ပြည်တွင်းသတင်း စာ ၁၂

**အီးယူက အမေရိကန်သွင်းကုန်များအပေါ် ယူရို ၉၃ ဘီလီယံ အခွန်စည်းကြပ်မည့်အစီအစဉ် ဆိုင်းငံ့**

နိုင်ငံတကာသတင်း စာ ၁၄

## ရွှေကျင်မြစ်ရေ ရွှေကျင်မြို့တွင် စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်

နေပြည်တော် ဩဂုတ် ၆

ယနေ့ နံနက် ၁၁ နာရီခွဲ တိုင်းထွာချက်အရ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ၁ပေဝက်ကျော် ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း နှစ်ပေခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ရွှေကျင်မြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ ရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

မိုး/ဇလ




# လူကုန်ကူး သားကောင်ဘဝ မကျစေရေး တရားမဝင် ပြည်ပထွက်မှုများရှောင်ရှား

ကမ္ဘာပေါ်တွင် နှစ်စဉ်လူကုန်ကူးခံရသူပေါင်း သန်း ၂၀ ခန့် ရှိနေပြီး လူမှောင်ခိုဂိုဏ်းများမှာ ထိုလုပ်ငန်းမှ အကျိုးအမြတ် အမေရိကန်ဒေါ်လာ ၄၀ ဘီလီယံခန့် ရရှိနေကြသည်ဟု ဆိုသည်။ သို့ဖြစ်ရာ မူးယစ်ဆေးဝါး တရားမဝင်ရောင်းဝယ်မှုနှင့် လက်နက်မှောင်ခိုရောင်းဝယ်မှုတို့၏နောက်တွင် လူကုန်ကူးမှုမှာ ကမ္ဘာတစ်ဝန်း တတိယအများဆုံးသော ရာဇဝတ်မှုပင်ဖြစ်သည်။

လူကုန်ကူးခြင်းကို အဓိပ္ပာယ်ဖွင့်ဆိုရာတွင် "ခေါင်းပုံဖြတ်ရန် ရည်ရွယ်ချက်ဖြင့် လူပုဂ္ဂိုလ်တစ်ဦးအား ခြိမ်းခြောက်ခြင်း (သို့မဟုတ်) အင်အားသုံးခြင်း(သို့မဟုတ်) အခြားပုံစံဖြင့် အတင်းအကျပ်အနိုင်အထက်ပြုခြင်း၊ ဖြားယောင်းခေါ်ဆောင်ခြင်း၊ လိမ်လည်လှည့်ဖြားခြင်း၊ အာဏာအလွဲသုံးစားပြုခြင်း၊ ရပ်တည်ရန်ခက်ခဲသော အခြေအနေပေါ်တွင် အလွဲသုံးစားပြုခြင်း၊ ချုပ်ကိုင်နိုင်သူတစ်ဦးတစ်ယောက်၏ သဘောတူညီမှုရရှိရန် အကျိုးအမြတ်ပေးခြင်း(သို့မဟုတ်) ရယူခြင်းဖြင့် လူတစ်ဦးဦးအား သိမ်းသွင်းစုဆောင်းခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ လွှဲပြောင်းခြင်း၊ ခိုလှုံခွင့်ပေးခြင်း (သို့မဟုတ်) လက်ခံထားခြင်းတို့ကို ဆိုလိုသည်။" ဟု နိုင်ငံတကာက လက်ခံထားသည်။ခေါင်းပုံဖြတ်ခြင်းတွင် ပြည့်တန်ဆာအဖြစ် ခိုင်းစေခြင်း၊ အခြားပုံစံဖြင့် လိင်မှုကိစ္စခေါင်းပုံဖြတ်ခြင်း၊ အစေခံစေခိုင်းခြင်း၊ ကျေးကျွန်သဖွယ်ပြုခြင်း (သို့မဟုတ်) ကျွန်ကဲ့သို့ အလုပ်လုပ်ရသော အခြေအနေ၊ ခန္ဓာကိုယ်အတွင်းမှ အင်္ဂါအစိတ်အပိုင်းများ ဖယ်ထုတ်ခံရခြင်းတို့ပါဝင်သည်။

မြန်မာနိုင်ငံတွင် လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးဥပဒေကို ၂၀၀၅ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့ပြီး လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ (၅) နှစ် စီမံကိန်းများကို ၂၀၀၇ ခုနှစ်တွင် စတင်အကောင်အထည်ဖော်ခဲ့ရာ ယခုအခါ စတုတ္ထ (၅) နှစ် စီမံကိန်း (၂၀၂၂-၂၀၂၆) ကာလတွင် ရောက်ရှိနေပြီဖြစ်သည်။ လူကုန်ကူးမှုများကို ကာကွယ်တားဆီးရန် နိုင်ငံအချင်းချင်း ပူးပေါင်းဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံသည် အိမ်နီးချင်းနိုင်ငံများဖြစ်သော ထိုင်း၊ တရုတ်၊ အိန္ဒိယတို့နှင့် လူကုန်ကူးမှု ပူးပေါင်းတိုက်ဖျက်ရေး နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုးထားသည့်အပြင် နိုင်ငံတကာအဖွဲ့အစည်းများနှင့်လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

ပြည်ပသို့ ရွှေ့ပြောင်းအလုပ်သမားများအဖြစ် သွားရောက်အလုပ်လုပ်ကိုင်ရာတွင် လုံခြုံစိတ်ချစွာ ဆောင်ရွက်နိုင်ရေးအတွက် သတင်းအချက်အလက်များကို **Safe Migration Facebook Page** တွင် ဖြန့်ဝေပေးလျက်ရှိရာ လိုင်စင်ရအေဂျင်စီများမှ အလုပ်သမား စေလွှတ်ရေးလုပ်ငန်းစဉ်များ၊ ပြည်ပအလုပ်အကိုင် အလုပ်သမားသက်သေခံကတ် (OWIC) ပြုလုပ်ခွင့်ပြုသည့်စာရင်းများ၊ ပြည်ပအလုပ်အကိုင် လမ်းညွှန်သင်တန်း တက်ရောက်သည့်စာရင်းများ စသည်တို့ကို အဆိုပါလူမှုကွန်ရက်စာမျက်နှာတွင် ကြည့်ရှုနိုင်ကြသည်။ အလုပ်သမားရေးရာတိုင်ကြားမှုများနှင့်စပ်လျဉ်း၍ မြို့နယ်အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံးများ၊ ရွှေ့ပြောင်းအလုပ်သမား ထောက်ပံ့ကူညီပေးရေး ဗဟိုဌာနများ၊ အလုပ်သမား သံအရာရှိရုံးများနှင့် အလုပ်သမားဝန်ကြီးဌာနတို့က လက်ခံဖြေရှင်းပေးလျက်ရှိရာ ပြီးခဲ့သည့်ဇွန်လအတွင်း တရားစွဲဆိုမှု (၃) မှု၌ တရားစွဲဆိုခံရသူ (၅) ဦး ရှိခဲ့သည်။

အလုပ်သမားညွှန်ကြားရေးဦးစီးဌာနသည် ပြည်တွင်းအလုပ်သမားခန့်ထားမှုတွင် စည်းကြပ်ဆောင်ရွက်လျက်ရှိပြီး တည်ဆဲ အလုပ်သမားဥပဒေများအရ သန်စွမ်း/မသန်စွမ်း၊ ကျား/မ ခွဲခြားမှုမရှိဘဲ မြို့ပြ/ကျေးလက်မကျန် အလုပ်အကိုင်နေရာချထားရေး၊ လုပ်ငန်းခွင်အေးချမ်းသာယာရေး ဆောင်ရွက်ခြင်း၊ အလုပ်သမား မှတ်ပုံတင်ပေးခြင်း၊ အလုပ်သမား အမှာစာများလက်ခံခြင်း၊ သင့်တော်သည့် အလုပ်သမားများအား စုဆောင်းပေးပို့ခြင်း၊ အလုပ်ခန့်ထားရေးကတ်ပြားထုတ်ပေးခြင်း၊ ပြည်ပမှပြန်လည်ဝင်ရောက်လာသည့် အလုပ်သမားများ ကျွမ်းကျင်မှုအလိုက် အလုပ်ရရှိရေး ချိတ်ဆက်ဆောင်ရွက်ပေးခြင်း၊ နိုင်ငံခြားသား အလုပ်သမားများအား မှတ်ပုံတင်ခြင်း၊ သက်သေခံကတ်ပြားထုတ်ပေးခြင်း၊ သက်တမ်းတိုးခြင်းတို့ ဆောင်ရွက်ပေးလျက်ရှိသည်။

ရွှေ့ပြောင်းအလုပ်သမားများအဖြစ် ပြည်ပသို့ သွားရောက်အလုပ်လုပ်ကိုင်ကြရာတွင် ပြည်ပအလုပ်အကိုင် အကျိုးဆောင်လိုင်စင်ရအေဂျင်စီများနှင့်ချိတ်ဆက်၍ တရားဝင်လမ်းကြောင်းမှ သွားရောက်အလုပ်လုပ်ကိုင်ခြင်းဖြင့် လူကုန်ကူးမှု အန္တရာယ်မှ ကင်းဝေးကြမည့်အပြင် ဆိုက်ရောက်ရာ နိုင်ငံများ၌လည်း တရားဝင် ရပ်တည်နိုင်ကြမည်ဖြစ်သည်။ အကယ်၍ နစ်နာမှုတစ်စုံတစ်ရာ ဖြစ်ပေါ်ပါကလည်း တရားဝင်အကာအကွယ်ပေးမှုများကို ရရှိနိုင်ကြမည်ဖြစ်ရာ လူကုန်ကူးခံ သားကောင်များဘဝ မကျရောက်စေရေးအတွက် တရားမဝင်လမ်းကြောင်းများမှ ပြည်ပသို့ထွက်ခွာမှုများကို ရှောင်ရှားကြပါရန် အကျိုးမျှော်ကာ နှိုးဆော်လိုက်ရပါကြောင်း။ ။

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်း

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို အစမ်းခန့်ကာလ (၁) နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

| အမည် | ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန |
|---|---|
| (၁) ဒေါက်တာ မျိုးမင်းကြည်ဝင်း | ညွှန်ကြားရေးမှူးချုပ်<br>အမျိုးသားမှတ်တမ်းများ<br>မော်ကွန်းတိုက်ဦးစီးဌာန<br>အမျိုးသားစီမံကိန်း<br>ဝန်ကြီးဌာန |
| (၂) ဒေါ်မြမြဦး | ညွှန်ကြားရေးမှူးချုပ်<br>ပြည်တွင်းအခွန်များဦးစီးဌာန<br>ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန |

## မြန်မာနိုင်ငံပြန်တမ်း

### အမြဲတမ်းအတွင်းဝန်/ ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ပေးအပ်ခြင်း

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံးသည် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ ညွှန်ကြားရေးမှူးချုပ် ဦးနေလင်းအား အမြဲတမ်းအတွင်းဝန်/ ညွှန်ကြားရေးမှူးချုပ်တာဝန်များကို ထမ်းဆောင်ရန် တာဝန်ပေးအပ်လိုက်သည်။

## နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် ဩဂုတ် ၆

မကွေးတိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ မိုး/ဇလ

## ၆-၈-၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်းမှာ ၅၉၀၀၀၀၀ ကျပ် ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၇ - ၈ - ၂၀၂၅ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၈၀၀ | ၂၈၉၅ | ၂၉၆၀ | ၂၈၉၅ | ၃၀၀၀ | ၃၀၁၅ | ၃၀၃၅ | ၂၈၅၀ | ၄၅၀၅ | ၃၂၄၅ | ၂၈၇၀ | ၂၈၇၀ | ၃၀၄၀ | ၃၀၀၅ | ၃၀၂၅ | ၃၂၈၅ |
| 95 Ron | ၂၉၃၅ | ၃၀၅၀ | ၃၀၁၅ | ၂၉၅၀ | ၃၀၅၅ | ၃၀၇၀ | ၃၀၉၀ | ၃၀၃၀ | ၄၅၆၀ | ၃၃၀၀ | ၃၀၂၅ | ၃၀၂၅ | ၃၀၉၅ | ၃၀၆၀ | ၃၀၈၅ | ၃၃၄၀ |
| HSD (500 ppm) | ၂၇၁၅ | ၂၈၂၅ | ၂၇၉၅ | ၂၇၂၅ | ၂၈၃၅ | ၂၈၅၀ | ၂၈၆၅ | ၂၇၈၅ | - | ၃၀၇၅ | ၂၈၀၀ | ၂၈၀၅ | ၂၈၇၀ | ၂၈၃၅ | ၂၈၆၀ | ၃၀၀၅ |
| HSD (50 ppm) | ၃၃၆၀ | ၃၄၇၅ | ၃၄၄၀ | ၃၃၇၅ | ၃၄၈၀ | ၃၄၉၅ | ၃၅၀၀ | ၃၄၃၀ | ၄၈၃၀ | ၃၇၂၅ | ၃၄၅၀ | ၃၄၅၀ | ၃၅၂၀ | ၃၄၈၅ | ၃၅၀၅ | ၃၇၆၅ |
| HSD (10 ppm) | ၃၃၆၀ | ၃၄၇၅ | ၃၄၄၀ | ၃၃၇၅ | ၃၄၈၀ | ၃၄၉၅ | ၃၅၀၀ | ၃၄၃၀ | - | ၃၇၂၅ | ၃၄၅၀ | ၃၄၅၀ | ၃၅၂၀ | ၃၄၈၅ | ၃၅၀၅ | ၃၇၆၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၇၁၅ | ၂၈၀၃ |
| 95 Ron | ၂၇၆၉ | ၂၈၅၈ |
| HSD (500 ppm) | ၂၅၅၂ | ၂၆၃၃ |
| HSD (50 ppm) | ၃၁၇၉ | ၃၂၇၂ |
| HSD (10 ppm) | ၃၁၇၉ | ၃၂၇၂ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇
၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

မြန်မာ့အလင်း

| | | | | | |
|---|---|---|---|---|---|
| စာတည်းမှူးချုပ် | - | ဟန်လင်းအောင် | သတင်းထောက်မှူး | - | ခင်ရတနာ |
| စာတည်းမှူး | - | မြင့်စိုး | အကြီးတန်း | - | ကျော်သူဝင်း၊ တင်မောင်လွင်၊ |
| စာတည်းများ | - | ကျော်ဇေယျာမြင့်၊ နေဇာဇာထွန်း | သတင်းထောက်များ | | ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| ဘာသာပြန်စာတည်း | - | ခြူးစန္ဒီနွေး၊ တင်လင်းအောင် | အငယ်တန်း | - | ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ | သတင်းထောက်များ | | |
| စာပြင် | - | ဇော်မင်းသန်းနှင့် အဖွဲ့ | ဓာတ်ပုံသတင်းထောက် | - | တင်စိုး |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | မို့မို့အေးနှင့် နွဲ့မွန်တို့အဖွဲ့ | အီးမေးနှင့် အွန်လိုင်း | - | သက်လွင်ဦးနှင့် အဖွဲ့ |

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၀၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၄၅၊ ဖက်စ် ၀၆၇-၃၆၁၀၄၃၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

## ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီရုံး**
အမိန့်အမှတ် ၂၃ / ၂၀၂၅
၁၃၈၇ ခုနှစ်၊ ဝါခေါင်လဆန်း ၁၃ ရက်
( ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၆ ရက် )

**ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း**

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇၊ ပုဒ်မခွဲ ( ခ ) အရ ဦးကျော်ထင် အား အမျိုးသားစီမံကိန်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

**အမိန့်အရ**

**အောင်လင်းဒွေး**
**အမှုဆောင်ချုပ်**

**ကျန်းမာရေးဝန်ကြီးဌာန**
**အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များ**
**၂၀၂၅ ခုနှစ်၊ ဩဂုတ်လ**

ပထမပတ် – မိခင်နို့ စနစ်တကျတိုက်ကျွေးရေးရက်သတ္တပတ်
ဒုတိယပတ် – ငါးနှစ်အောက်ကလေးများနှင့် ကျောင်းသားလူငယ်များ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်
တတိယပတ် – ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်
စတုတ္ထပတ် – အိုင်အိုဒင်းချို့တဲ့ရောဂါများ ပပျောက်ရေးရက်သတ္တပတ်

# ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် နိုင်ငံတော်ဧည့်ဂေဟာဝင်းအတွင်းရှိ ဟိုတယ်များ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဩဂုတ် ၆**

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် ယနေ့နံနက်ပိုင်းက ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး၊ တာဝန်ရှိသူများနှင့်အတူ ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ် နိုင်ငံတော်ဧည့်ဂေဟာဝင်းအတွင်းရှိ ဟိုတယ်များ သန့်ရှင်းသာယာလှပရေးဆောင်ရွက်ထားရှိမှု၊ လျှောင်ဒဏ်သင့် ဟိုတယ်အဆောက်အအုံနှင့် အခန်းများ၊ ခန်းမများအား ပြုပြင်မွမ်းမံဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက လျှောင်ဒဏ်သင့် ဟိုတယ်အဆောက်အအုံများအား ပြုပြင်မွမ်းမံရာတွင် သတ်မှတ်စံချိန်စံနှုန်းများနှင့်အညီ ဘေးအန္တရာယ်ကင်းရှင်းစွာဆောင်ရွက်ရေး၊ ပြင်ဆင်ဆဲအဆောက်အအုံများ၊ အခန်းများအား အမြန်ပြီးစီးအောင်ဆောင်ရွက်ပြီး ခရီးသွားရာသီမတိုင်မီ အဆင်သင့်ဖြစ်စေရေး၊ ဧည့်သည်များ စိတ်အေးချမ်းမြေ့စွာ ရက်ရှည်တည်းခိုနေထိုင်ရန် ဆွဲဆောင်မှုရှိသော အပြင်အဆင်များဆောင်ရွက်ရေး၊ ဝန်ဆောင်မှုကောင်းများဖြင့် နိုင်ငံတကာအဆင့်မီဟိုတယ်များ ဖြစ်စေရန် ကြိုးပမ်းကြရေး၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပေးကြေညာချက်နှင့် အရေးပေါ်ထွက်ပေါက်နေရာပြ ဆိုင်းဘုတ်များ စီစဉ်ထားရှိရေးနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ဟိုတယ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေး ဝိုင်းဝန်းကြိုးစားကြရန် မှာကြားသည်။

**ကြည့်ရှုစစ်ဆေး**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ဟိုတယ်များ၌ ဧည့်သည်များအား ဝန်ဆောင်မှုပေးနေမှု၊ ဖွင့်လှစ်ရန် ပြင်ဆင်ဆောင်ရွက်ထားရှိမှု၊ ဟိုတယ်ဝင်းအတွင်း တစ်နိုင်တစ်ပိုင်စိုက်ပျိုးထားရှိသော အော်ဂဲနစ်စိုက်ခင်းများနှင့် နေရောင်ခြည်စွမ်းအင်သုံး ဆိုလာစနစ် တပ်ဆင်သုံးစွဲနေမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

**သတင်းစဉ်**





## ကော့ကရိတ်မြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ် ထုတ်ပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

**ကော့ကရိတ် ဩဂုတ် ၆**

ကော့ကရိတ်ခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများသည် ကော့ကရိတ်မြို့ အလေးမအားကစားရုံတွင် ယာယီရုံးဖွင့်လှစ်လျက်ရှိပြီး ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များကို ဩဂုတ် ၄ ရက်မှစ၍ဆောင်ရွက်ပေးလျက်ရှိသည်။

နိုင်ငံသားတိုင်းရယူပိုင်ဆိုင်သင့်သည့် နိုင်ငံသားအခွင့်အရေးများ ဆုံးရှုံးမှုမရှိစေရေး၊ လာမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မဲပေးပိုင်ခွင့်ရှိသူအားလုံး မဲပေးနိုင်ရေးအတွက် ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် နိုင်ငံသားစိစစ်ရေးကတ်မရှိသေးသည့် ကော့ကရိတ်မြို့တွင်း ပြန်လည်ဝင်ရောက်နေထိုင်ကြသည့် ပြည်သူများအား အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## တပ်ကုန်းမြို့နယ်အတွင်း မိုးစပါး၊ မိုးချည်မျှင်ရှည်ဝါ စိုက်ပျိုးထားရှိမှုနှင့် ဝါးစိုက်ပျိုးရေးပျိုးပင်များပေးအပ်

**တပ်ကုန်း ဩဂုတ် ၆**

နေပြည်တော်ကောင်စီဝင်ဦးဇေယျာလင်းသည် ပြည်ထောင်စုနယ်မြေ နေပြည်တော်စားသုံးသူရေးရာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းထွန်း၊ တပ်ကုန်းမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် (၁) ဗိုလ်မှူးဝင်းထွဋ်အောင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် မိုးစပါး၊ မိုးချည်မျှင်ရှည်ဝါ စိုက်ပျိုးထားရှိမှု၊ ဝါးစိုက်ပျိုးရေးအတွက် ပျိုးပင်များပေးအပ်ခြင်းနှင့် သီးနှံဈေးကွက်ရရှိရေး ကွင်းဆင်းဆောင်ရွက်သည်။

ဦးစွာ နေပြည်တော်ကောင်စီဝင်သည် ကျားသေအိုင်ကျေးရွာ ကွင်းအမှတ်(၁၄၀၇)၊ မိုးစပါးဆင်းသုခစိုက်ခင်း၊ ဒဟတ်ကုန်းကျေးရွာ ကွင်းအမှတ်(၂၀၂၅)၊ မိုးချည်မျှင်ရှည်ဝါစိုက်ခင်းများ စိုက်ပျိုးထားရှိမှုအခြေအနေများ ကြည့်ရှုစစ်ဆေးကာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးအေးမင်းထွန်းက မိုးစပါးနှင့် မိုးချည်မျှင်ရှည်ဝါစိုက်ပျိုးမှုများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး နေပြည်တော်ကောင်စီဝင်က တောင်သူများအနေဖြင့် မိမိလယ်ယာမြေများကို တန်ဖိုးထားလုပ်ကိုင်ဆောင်ရွက်စေလိုကြောင်း၊ ထွက်ရှိလာသည့် သီးနှံကုန်ကြမ်းများမှ ကုန်ချောအဖြစ် ရောင်းချနိုင်ရေး၊ မျိုး၊ မြေ၊ ရေ၊ နည်းလမ်းများနှင့်အညီ စနစ်တကျစိုက်ပျိုးရေး၊ ကြပ်ကြပ်စနစ်ပပျောက်အောင် ကောက်စိုက်စက်၊ မျိုးစေ့ချကိရိယာများဖြင့် စိုက်ပျိုးနိုင်ရေး၊ သီးနှံများ သတ်မှတ်ပန်းတိုင်အထွက်နှုန်းရရှိရေး၊ သဘာဝမြေဩဇာကို တောင်သူများကိုယ်တိုင် ပြုလုပ်သုံးစွဲနိုင်ရေး၊ ဆည်ရေများ အကျိုးရှိရှိသုံးစွဲနိုင်ရေး ဆွေးနွေးမှာကြားသည်။



ထို့နောက် နေပြည်တော်ကောင်စီဝင် ဦးဇေယျာလင်းနှင့် တာဝန်ရှိသူများသည် မကျီးပင်ကျေးရွာအုပ်စု ညောင်ပင်သာကျေးရွာရှိ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်ထားရှိသည့် လေးလက်မစက်ရေတွင်း ရေထွက်နှုန်းများ ကြည့်ရှုစစ်ဆေးပြီး ဒေသခံပြည်သူများနှင့် တွေ့ဆုံ၍ မိသားစုဝင်ငွေတိုးပွားရေး ဝါးစိုက်ပျိုးနိုင်ရေး ဆွေးနွေးပြောကြားပြီး ဒေသခံပြည်သူများအား ဝါးပျိုးပင်များ ပေးအပ်ခဲ့သည်။

**တင်စိုးလွင်(ပြန်/ဆက်)**



## အခြေခံပညာကျောင်းများ၌ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများ အပတ်စဉ်ဆောင်ရွက်

**ပြည် ဩဂုတ် ၆**

ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနက နယ်မြေအလိုက် ကျန်းမာရေးဝန်ထမ်းများနှင့် သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့ဝင်များ ပူးပေါင်း၍ မြို့နယ်အတွင်း ရပ်ကွက်/ကျေးရွာများနှင့် အခြေခံပညာကျောင်းများ၌ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကို အပတ်စဉ် ကွင်းဆင်းဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ခြင်းကို ယနေ့တွင် ပေါင်းတလည်တိုက်နယ်နှင့် ဝက်ထီးကန်တိုက်နယ်တို့ရှိ ရပ်ကွက်/ကျေးရွာအုပ်စုများနှင့် တီတွတ်၊ လယ်ဘဲ့၊ ပိန်းတောနှင့် ကုန်းသာလင်းကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲနယ်မြေများရှိ ကျေးရွာ ၃၅ ရွာနှင့် အခြေခံပညာကျောင်းပေါင်း ၂၀ တို့၌ သုံးရေများအား ဖုံး၊ သွန်၊ လဲ၊ စစ် ပြုလုပ်ခြင်း၊ အဘိတ်ဆေးခတ်ခြင်းနှင့် ခြင်ခိုအောင်းနိုင်သည့်နေရာများကို ဆေးဖျန်းခြင်း အစရှိသည်တို့ကို ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ကိုဆက်(ပြန်/ဆက်)**

# စွမ်းအင်ဝန်ကြီးဌာန ကုန်းတွင်းလုပ်ကွက် IOR-4 (ပြည်ဒေသ) ဧရိယာ - ၁၊ IOR-6 (မြန်အောင်ဒေသ) ဧရိယာ - ၃ နှင့် IOR -7 (ရွှေပြည်သာဒေသ) ဧရိယာ - ၂ တို့တွင် တိုးတက်ထွက်ရှိလာသော ရေနံနှင့် သဘာဝဓာတ်ငွေ့ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားသည့်စာချုပ်များ လက်မှတ်ရေးထိုး



**နေပြည်တော် ဩဂုတ် ၆**

စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် HNA Myanmar Oil & Gas Ltd. တို့အကြား ကုန်းတွင်းလုပ်ကွက် IOR–4 (ပြည်ဒေသ) ဧရိယာ – ၁ နှင့် IOR–6 (မြန်အောင်ဒေသ) ဧရိယာ–၃ တို့အတွက်လည်းကောင်း၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် Future Engineering & Gold, Mining Co., ltd. တို့အကြား IOR–7 (ရွှေပြည်သာဒေသ) ဧရိယာ – ၂ အတွက်လည်းကောင်း ရေနံအထွက်တိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် တိုးတက်ထွက်ရှိလာသော ရေနံနှင့်သဘာဝဓာတ်ငွေ့ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားသည့် စာချုပ်များ လက်မှတ်ရေးထိုးပွဲအခမ်းအနားကို ယနေ့တွင် နေပြည်တော်ရှိ စွမ်းအင်ဝန်ကြီးဌာန၌ ကျင်းပသည်။

လက်မှတ်ရေးထိုးပွဲသို့ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်၊ ဦးစီးဌာန/လုပ်ငန်းများမှ တာဝန်ရှိသူများ၊ HNA Myanmar Oil & Gas Ltd. နှင့် Future Engineering & Gold, Mining Co., ltd. တို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်၏ စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် စွမ်းအင်ကဏ္ဍသည် အရေးကြီးပါကြောင်း၊ ကမ္ဘာ့နိုင်ငံများ၏ စီးပွားဖွံ့ဖြိုးတိုးတက်လာမှုတွင် စွမ်းအင်ကဏ္ဍသည် အဓိကအခန်းကဏ္ဍမှ ပါဝင်နေသည်ကို တွေ့ရှိရမည်ဖြစ်ပါကြောင်း၊ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်အနက် **“နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro–based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး”** ဦးတည်ချက်ပါဝင်သည်ဖြစ်ရာ အဆိုပါဦးတည်ချက်အောင်မြင်စေရေးအတွက် စွမ်းအင်ကဏ္ဍသည် အထူးအရေးပါလျက်ရှိပါကြောင်း။

စိုက်ပျိုးရေးအတွက် လိုအပ်သည့်ဓာတ်မြေဩဇာနှင့် စက်မှုကဏ္ဍမြှင့်တင်ရေးအတွက် အရေးပါသည့် လျှပ်စစ်ဓာတ်အားရရှိရေးသည် ရေနံနှင့် သဘာဝဓာတ်ငွေ့ထုတ်လုပ်နိုင်မှုအပေါ်တွင် များစွာတည်မှီနေသောကြောင့် မိမိတို့ဝန်ကြီးဌာနအနေဖြင့် နည်းလမ်းမျိုးစုံအသုံးပြု၍ ကြိုးစားဆောင်ရွက်လျက်ရှိရာ သက်တမ်းရင့်ရေနံမြေများမှ ကုန်းတွင်းလုပ်ကွက် (၁၀)ကွက်ကို တိုင်းရင်းသားလုပ်ငန်းရှင်များနှင့် ပူးပေါင်း၍ တိုးတက်ထွက်ရှိလာသော ရေနံနှင့် သဘာဝဓာတ်ငွေ့ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားသည့်စာချုပ်ဖြင့် လုပ်ငန်းများဆောင်ရွက်ခွင့်ပြုပေးလျက်ရှိပါကြောင်း၊ ၂၀၂၄ ခုနှစ် အောက်တိုဘာလတွင် ပထမအကြိမ် ခွင့်ပြုပေးခဲ့သည့် လုပ်ကွက်အနေဖြင့် ယခုအချိန်တွင် သဘာဝဓာတ်ငွေ့များထုတ်လုပ်နေပြီး ယင်းဒေသ၏ လျှပ်စစ်မီးရရှိရေးအတွက် အသုံးပြုလျက်ရှိနေပြီဖြစ်ပါကြောင်း၊ ယနေ့စာချုပ်ချုပ်ဆိုမည့် ပြည်ရေနံမြေ၊ မြန်အောင်ရေနံမြေနှင့် ရွှေပြည်သာရေနံမြေတို့သည် ပြည်အနည်ကျချိုင့်ဝှမ်းကြီးအတွင်း တည်ရှိသည်ဖြစ်ရာ အစဉ်အလာကောင်းများနှင့် အလားအလာကောင်းများရှိသည့် ရေနံမြေများဖြစ်သဖြင့် ခေတ်မီနည်းပညာများ၊ ခေတ်မီစက်ကိရိယာများအသုံးပြု၍ ရှာဖွေခြင်း၊ အကဲဖြတ်ခြင်း၊ တူးဖော်ခြင်းတို့ကို ဆောင်ရွက်နိုင်မည်ဆိုပါက နိုင်ငံတော်အတွက် များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် HNA Myanmar Oil & Gas Ltd. နှင့် Future Engineering & Gold, Mining Co., ltd., တို့မှ တာဝန်ရှိသူများက တိုးတက်ထွက်ရှိလာသော ရေနံနှင့် သဘာဝဓာတ်ငွေ့ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားသည့်စာချုပ်များ ချုပ်ဆိုနိုင်ခဲ့ခြင်းအတွက် ကျေးဇူးတင်စကားပြောကြားပြီး တာဝန်ရှိသူများက တိုးတက်ထွက်ရှိလာသော ရေနံနှင့် သဘာဝဓာတ်ငွေ့ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားသည့် စာချုပ်များကို လက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ညောင်လေးပင်ခရိုင် ဒိုက်ဦးမြို့နယ်အတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် MSME ထွက်ကုန် တိုးတက်မြင့်မားစေရေး ကွင်းဆင်းဖြည့်ဆည်းဆောင်ရွက်ပေး

**ဒိုက်ဦး ဩဂုတ် ၆**

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများသည် ယနေ့ နံနက်ပိုင်းက ညောင်လေးပင်ခရိုင် ဒိုက်ဦးမြို့နယ်အတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် MSME ထွက်ကုန်တိုးတက်မြင့်မားစေရေး ကွင်းဆင်းဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့သည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် တာဝန်ရှိသူများသည် ဒိုက်ဦးမြို့နယ် လခုပ်ကွင်းကျေးရွာ၌ မွေးမြူရေးလုပ်ငန်းရှင် ဦးအောင်ကြည်က နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် အောင်မြင်စွာ တိုင်းရင်းကြက်ကောင်ရေ ၁၀၀၀၀ ဒုတိယအကြိမ် ထပ်မံမွေးမြူထားရှိမှုကို ကွင်းဆင်းကြည့်ရှု အားပေးပြီး တိုင်းရင်းကြက်သည် ဒေသတွင်းမှထွက်ရှိသည့် အစာဖြင့်မွေးမြူနိုင်ခြင်း၊ ရာသီဥတုရောဂါပိုးမွှားဒဏ်ခံနိုင်ခြင်း၊ ပြည်တွင်းဈေးကွက်ခိုင်မာခြင်းနှင့် မွေးမြူရလွယ်ကူခြင်းတို့ကြောင့် တိုင်းရင်းကြက်မွေးမြူသူ အစုအဖွဲ့များ ဖွဲ့စည်း၍ ဆက်လက်တိုးချဲ့မွေးမြူရန် မှာကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် လခုပ်ကွင်းကျေးရွာ၌ ယခင်က သီးနှံစိုက်ပျိုးနိုင်ခဲ့ခြင်းမရှိသည့် သဲဆန်ကုန်းကြောမြေ ၆၆ ဧကကို တိုင်းဒေသကြီးအစိုးရအဖွဲ့ အစီအစဉ်ဖြင့် မြေယာပြုပြင်ခြင်းနှင့် ယာ–၁၄ စပါးမျိုး စမ်းသပ်စိုက်ပျိုး အောင်မြင်နေမှုကို ကြည့်ရှုအားပေးခဲ့ပြီး ဒေသတွင်း သဲဆန်ကုန်းကြောမြေရှိသည့် ကျေးရွာအုပ်စုများမှ တောင်သူများအား ခေါ်ယူပြသ၍ စိုက်နည်းစနစ်နှင့် ရေမြေသဘာဝအပေါ် မူတည်၍ မျိုးပြောင်းလဲစိုက်ပျိုးမှုကို အသိပညာပေးရန် တာဝန်ရှိသူများအား မှာကြားခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ကတုတ်ရွာမကျေးရွာ၌ ဥစားဘဲများ သဘာဝမှရရှိသည့် ကွင်းစာဖြင့် အောင်မြင်စွာ မွေးမြူထားရှိမှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး ဥစားဘဲနှင့် အသားစားဘဲသားပေါက်များအား မိမိတို့ဒေသအတွင်း ဥဖောက်စက်ဖြင့် ဘဲသားဖောက်မွေးမြူနိုင်ရေး တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဒိုက်ဦးမြို့နယ် ပျဉ်းမလွင်ကျေးရွာ၌ မိုးစပါးစိုက်တောင်သူများနှင့် တွေ့ဆုံ၍ ဒေသတွင်းစပါးမျိုးကွဲများပြားမှု မရှိစေရေးနှင့် ပန်းတိုင်အထွက်နှုန်း ရရှိသည့် မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးရမည်ဖြစ်ကြောင်း၊ မိရိုးဖလာစိုက်ပျိုးနည်းစနစ်မှ ခေတ်မီစိုက်ပျိုးနည်းစနစ်များ ပြောင်းလဲသွားရမည်ဖြစ်ကြောင်း၊ တောင်သူများ၏ တစ်ဧက ဝင်ငွေတိုးတက်ရရှိရေးနှင့် စိုက်ပျိုးစရိတ်လျှော့ချပေးနိုင်ရေး မျိုးစေ့ချကိရိယာ (Drum Seeder) ကို ချီးမြှင့်ပေးအပ်ခြင်းဖြစ်၍ ပန်းတိုင်အထွက်နှုန်းရရှိရေး အကျိုးရှိရှိကြိုးစား ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားပြီး ဒေသခံ ညောင်လေးပင်ခရိုင် အတွင်းရှိ မြို့နယ်များမှ မိုးစပါးစိုက်တောင်သူများအတွက် ပဲခူးတိုင်းဒေသကြီးမှ ထုတ်လုပ်ထားသည့် မျိုးစေ့ချကိရိယာနှင့် သွင်းအားစုများ ပေးအပ်ခဲ့သည်။ ယင်းနောက် လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်သို့ အရှိန်အဟုန်ဖြင့် တိုးတက်ပြောင်းလဲစေရေး ဒေသတွင်းထုတ်လုပ်ထားသည့် လယ်ယာသုံးစက်ကိရိယာများနှင့် သဘာဝသွင်းအားစုများကို လှည့်လည်ကြည့်ရှုခဲ့ကာ တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ညွှန်ကြားချက်ဖြင့် ပဲခူးမြို့မှ ထုတ်လုပ်ထားသော လူလိုက်ပါစီးနင်းနိုင်သည့် ကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးသရုပ်ပြသမှုကို ကြည့်ရှုအားပေးကြသည်။



ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ဒိုက်ဦးမြို့နယ် ရှမ်းစုကျေးရွာရှိ မိုးစပါးစိုက်ဧကများစုပေါင်း သမန်းနှီး၊ ပေါင်းရှင်း၊ သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာ ရောစပ်ကြဲပက်ပွဲနှင့်အိမ်ခြေ ၄၀ ကျေးရွာ၌ ဦးတင်ထွဋ်မြင့်၏ တိုင်းရင်းကြက်မျိုး သားဖောက်ခြံနှင့် တစ်ရက် တန် ၄၀ ကျဆန်စက် တည်ဆောက်နေမှုတို့ကို ကွင်းဆင်းကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။ ယင်းနောက် ဒိုက်ဦးမြို့ ဈေးပိုင်း(၁) ရပ်ကွက် ဦးဇော်မင်း၏ ဂြိုဟ်တုကွာစေ့လုပ်ငန်းသို့ ရောက်ရှိခဲ့ပြီး ယခင်နည်းအတိုင်း ထုတ်လုပ်ရောင်းချခြင်းထက် ထုပ်ပိုးမှုစနစ်ပြောင်းလဲခြင်း၊ ထူးကဲသည့်အနံ့အရသာရရှိရေးနှင့် စားသောက်ကုန် ဘေးအန္တရာယ်ကင်းရှင်းရေး အလေးထားဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

---

○ *ရှေ့ဖုံးမှ*

စိုက်ပျိုးရေး နည်းစနစ်ကောင်းများဖြင့် ကူညီထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း စိုက်ပျိုးရေးဦးစီးဌာနမှသိရသည်။

ပေါက်ခေါင်းမြို့နယ်၌ တောင်နဝင်းရေလှောင်တမံကြီးအား အမှီပြု၍ နွေရာသီတွင်လည်း သီးနှံစိုက်ပျိုးရန်အဆင်ပြေပြီး စပါးအပြင် မြေပဲ၊ပြောင်းဖူး၊ ပဲအမျိုးမျိုး အစရှိသည့်သီးနှံများလည်း စိုက်ပျိုးဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။ **ဖုန်းကျော်ဇင်(ပြန်/ဆက်)**



# လျှပ်စစ်သုံးမော်တော်ယာဉ်များ ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိ

**နေပြည်တော် ဩဂုတ် ၆**

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် Shwe Thway Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် GAC Toyota bZ3X အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များနှင့် Tharaphu Soe Myint Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် Changan Avatr 12 အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များသည် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း ဝန်ထမ်းများနေထိုင်သည့် Container House များ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဩဂုတ် ၆**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့က ရုံးအမှတ်(၂၃)ဝင်းအတွင်း၌ ဝန်ထမ်းများ ယာယီနေထိုင်ရန် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီက ခွဲဝေချထားပေးသော Container House များတွင် နေထိုင်သည့် ဝန်ထမ်းများအား တွေ့ဆုံအားပေးစကား ပြောကြားသည်။

ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီးက ထုတ်ပြန်ထားရှိသည့် စည်းကမ်းချက်များနှင့်အညီ စနစ်တကျနေထိုင်ရန်၊ ယာယီနေထိုင်စဉ်ကာလအတွင်း ပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေး ပူးပေါင်းဆောင်ရွက်ရန်၊ ကျန်းမာရေးနှင့်ညီညွတ်စွာ စားသောက်နေထိုင်ရန် မှာကြားပြီး ဝန်ထမ်းအိမ်ထောင်စု ၁၂၃ စုအတွက် တစ်အိမ်ထောင်လျှင် ငွေကျပ်တစ်သိန်းနှုန်းနှင့် ဆိုလာမီးအိမ်တစ်လုံးစီကို ထောက်ပံ့ပေးအပ်သည်။

ထို့နောက် ဝန်ထမ်းနှင့်မိသားစုဝင်များ နေထိုင်မှုအခြေအနေ၊ ရေအိမ်ရေချိုးခန်းများ စနစ်တကျဆောင်ရွက်ထားရှိမှု၊ လျှပ်စစ်မီးများသွယ်တန်းထားရှိမှုနှင့် စားဖိုဆောင်များ စီစဉ်ဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် ဝန်ထမ်းများ ယာယီနေထိုင်ရန် Container House နှစ်ခန်းတွဲ ၁၆ လုံး၊ တစ်ခန်းတွဲ ၁၀၇ လုံး စုစုပေါင်း ၁၂၃ လုံး တည်ဆောက်ပေးထားကြောင်း သိရသည်။

သတင်းစဉ်



# တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ တရုတ် - မြန်မာ ချစ်ကြည်ရေးကျောင်းများသို့ ကျောင်းသုံးပစ္စည်းများလှူဒါန်း

**နေပြည်တော် ဩဂုတ် ၆**

မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးနှင့် China Foundation for Rural Development (CFRD) တို့က တရုတ် – မြန်မာ ချစ်ကြည်ရေးကျောင်းများသို့ ကျောင်းသုံးပစ္စည်းများ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် အမှတ် (၁၄) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး မစ္စမာကျားနှင့် တာဝန်ရှိသူများ၊ CFRD အဖွဲ့မှ တာဝန်ရှိသူများ၊ ခရိုင်၊ မြို့နယ် ပညာရေးမှူးများ၊ ကျောင်းအုပ်ကြီးများ၊ ကျောင်းသား ကျောင်းသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



ဦးစွာ တရုတ်နိုင်ငံ သံအမတ်ကြီး မစ္စမာကျားက ကျောင်းသုံးပစ္စည်းများ လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ အမှာစကားပြောကြားပြီး ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က ကျေးဇူးတင်စကား ပြောကြားသည်။(ဓာတ်ပုံ)

ထို့နောက် ကျောင်းသားကျောင်းသူလေးများက တေးသရုပ်ဖော်အကများဖြင့် ဖျော်ဖြေတင်ဆက်ကပြကြရာ အမှတ်(၇) အခြေခံပညာ အထက်တန်းကျောင်း ကျောင်းအုပ်ကြီးက ကျေးဇူးတင်စကား ပြောကြားပြီး တာဝန်ရှိသူများက အမှတ်(၁၄) အခြေခံပညာ အထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီးထံ ကျောင်းသုံးပစ္စည်းများ ပေးအပ်လှူဒါန်းကြသည်။

အခမ်းအနား အပြီးတွင် ဒုတိယဝန်ကြီးနှင့် သံအမတ်ကြီးတို့သည် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် အမှတ်(၁၄)အခြေခံပညာ အထက်တန်းကျောင်းနှင့် အမှတ်(၇)အခြေခံပညာ အထက်တန်းကျောင်းများရှိ တရုတ်-မြန်မာ ချစ်ကြည်ရေး အားကစားကွင်းများ၌ ကျောင်းသား ကျောင်းသူများ ပျော်ရွှင်စွာဆော့ကစားနေမှုကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ကြံခင်းမြို့နယ်၌ မြန်မာ့သနပ်ခါးအကြောင်း အသိပညာပေးဟောပြော

**ကြံခင်း ဩဂုတ် ၆**

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့ ရွာသစ်ရပ်ကွက်ရှိ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းရှေ့ကွင်းပြင်တွင် ယနေ့နံနက်ပိုင်းက မြန်မာ့သနပ်ခါးအကြောင်း အသိပညာပေးဟောပြောပွဲပြုလုပ်ရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးနှင့်ဝန်ထမ်းများ၊ အထက (၂) ကျောင်းမှ တာဝန်ခံဆရာကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ "ခင်" သဘာဝ သနပ်ခါးထုတ်လုပ်သူနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



အခမ်းအနားကို အထက (၂) ကျောင်းတာဝန်ခံ ဆရာကြီး ဦးအေးမင်းက အမှာစကား ပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဒေါ်ခင်မိုးမြင့်က မြန်မာ့သနပ်ခါးယဉ်ကျေးမှုဓလေ့ကို လူသားမျိုးနွယ်ကိုယ်စားပြုဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်စာရင်းဝင်အဖြစ် ယူနက်စကိုမှ အသိအမှတ်ပြုရေးကို ၂၀၂၀ ပြည့်နှစ်မှ စတင်ဆောင်ရွက်ခဲ့ရာ လိုအပ်ချက်များ ထပ်မံဖြည့်ဆည်း၍ ယခုနှစ်တွင် တစ်နိုင်ငံလုံးဝိုင်းဝန်းကာ ယူနက်စကို အသိအမှတ်ပြုနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မြို့ဝေလင်း (ပြန်/ဆက်)



# အခြေခံလူသုံးကုန်ထုတ်လုပ်မှု နည်းပညာပေးသင်တန်းဖွင့်

**ဘားအံ ဩဂုတ် ၆**

ကရင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားလူမျိုးများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရေး ဘားအံမြို့နယ် သာနုံး – ရှာဝေါ်ကျေးရွာ ဘုန်းတော်ကြီးကျောင်းမွေ့ရာရုံတွင် ယမန်နေ့ နံနက်က အခြေခံလူသုံးကုန်ထုတ်လုပ်မှုနည်းပညာပေးသင်တန်း (၂/၂၀၂၅) ကို ဖွင့်လှစ်သည်။

အဆိုပါသင်တန်းကို တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ ကရင်ပြည်နယ်တိုင်းရင်းသားအခွင့်အရေးများကာကွယ်စောင့်ရှောက်ရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်ခြင်းဖြစ်ပြီး ဖွင့်ပွဲတွင် ပြည်နယ်တိုင်းရင်းသားရေးရာဝန်ကြီး ဦးစန်းကို တက်ရောက်အမှာစကား ပြောကြားကာ တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန ပြည်နယ်ညွှန်ကြားရေးမှူး ဦးကျော်စိုးက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းတင်ပြပြီး ပြည်နယ်တိုင်းရင်းသားရေးရာဝန်ကြီးက သင်တန်းသား သင်တန်းသူများအား လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

အဆိုပါသင်တန်းကို ပြည်နယ်အတွင်းရှိ ကျေးလက်နေဒေသခံ တိုင်းရင်းသားများ၏ လူမှုဘဝတိုးတက်စေရန်နှင့် မိသားစုတစ်နိုင်တစ်ပိုင်လုပ်ငန်းများဆောင်ရွက်နိုင်ရန် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ပြီး သာနုံး-ရှာဝေါ်ကျေးရွာမှ သင်တန်းသား ၃၀ တက်ရောက်လျက်ရှိကာ ဩဂုတ် ၅ ရက်မှ ၉ ရက်အထိ ငါးရက်တာ ဖွင့်လှစ်သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



## ပုဇွန်တောင်မြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေး

**ပုဇွန်တောင် ဩဂုတ် ၆**

ပုဇွန်တောင်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနက အမှတ်(၃)ရပ်ကွက် သဟပုညကာရီမွေ့ရာရုံတွင် ယနေ့နံနက်က ကိုဗစ် – ၁၉ ရောဂါ ကာကွယ်ဆေး (Pfizer JN.1 – Grey Cap)ထိုးနှံပေးခြင်းကို ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် ပုဇွန်တောင်မြို့နယ် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာနန်းလှထွန်းနှင့်ကျန်းမာရေးဝန်ထမ်းများက အမှတ်(၃)ရပ်ကွက်၊ အမှတ်(၄) ရပ်ကွက်နေပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်းများ စုစုပေါင်း ၇၂ ဦးအား (Pfizer JN.1 – Grey Cap)ဆေးထိုးနှံပေးခဲ့ကြောင်း သိရသည်။

ဟန်စုယဉ်

**အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

# မဟာလောကမာရဇိန်စေတီ ကုသိုလ်တော်မြတ်စွာဘုရား မဟာရံတံတိုင်းအတွင်းရှိ မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပြိုကျပျက်စီးခဲ့သည့် မုခ်ဦးနှင့် ကျောက်စာဓမ္မစေတီတော်များ ပြန်လည်ပြုပြင်မွမ်းမံရန် အလှူငွေပေးအပ်လှူဒါန်းပွဲကျင်းပ

**မန္တလေး ဩဂုတ် ၆**

မင်းတုန်းမင်းတရားကြီး တည်ထားတော်မူခဲ့သည့် အောင်မြေသာစံမြို့နယ်ရှိ မဟာလောက မာရဇိန် ကုသိုလ်တော် မြတ်စွာဘုရား မဟာရံတံတိုင်းအတွင်းရှိ မန္တလေး ငလျင်ကြီးကြောင့် ထိခိုက်ပြိုကျပျက်စီးခဲ့သည့် မုခ်ဦးနှင့်ကျောက်စာ ဓမ္မစေတီတော်များ ပြန်လည်ပြုပြင်မွမ်းမံရန် အလှူငွေပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက အဆိုပါ မဟာလောကမာရဇိန် ကုသိုလ်တော် မြတ်စွာဘုရား၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော် ပရိယတ္တိသာသန တက္ကသိုလ် (မန္တလေး) ပါမောက္ခချုပ် ဒေါက်တာ ဘဒ္ဒန္တကောသလ္လဆရာတော် အမှူးပြုသော ဆရာတော်သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူပြီး မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့်ဇနီး၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ တာဝန်ရှိသူများ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်ပရိယတ္တိ သာသနတက္ကသိုလ် (မန္တလေး) ပါမောက္ခချုပ် ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး သင်္ကန်းနှင့် နဝကမ္မဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် စေတနာရှင်အလှူရှင်များ၏ လှူဒါန်းငွေများကို ပေးအပ်လှူဒါန်းရာ မဟာလောကမာရဇိန်ဘုရားဂေါပကအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ယင်းနောက် မန္တလေးတိုင်းဒေသကြီး ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း ကျောင်းအုပ်ဆရာတော်ထံမှ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်ချတရားနာယူခဲ့ကြသည်။ ယနေ့ လှူဒါန်းမှုတွင် အလှူရှင်များမှ စုစုပေါင်းလှူဒါန်းငွေကျပ် ၄၉၈၅ သိန်း လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် မန္တလေးတိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမ၌ တွေ့ဆုံ၍ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီး အောင်မြင်စွာ ကျင်းပနိုင်ရေး အဘက်ဘက်မှ ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားပြီး ရွေးကောက်ပွဲ လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့အတူ ယနေ့နံနက်ပိုင်းက တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် အောင်မြေသာစံခရိုင် ပုသိမ်ကြီးမြို့နယ်ရှိ ရေတံခွန်တောင်စီးတီး၌ DAGUN International School ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ခဲ့ကြကြောင်း သိရသည်။




**သတင်းစဉ်**

# ရှမ်းပြည်နယ်အစိုးရအဖွဲ့က တိုင်းရင်းသားရိုးရာယဉ်ကျေးမှု ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းများအတွက် ထောက်ပံ့ငွေများ ပေးအပ်

**ကျိုင်းတုံ ဩဂုတ် ၆**

ရှမ်းပြည်နယ်အစိုးရအဖွဲ့က ရှမ်းပြည်နယ်(အရှေ့)ပိုင်းရှိ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းများအတွက် ထောက်ပံ့ငွေပေးအပ်ပွဲအခမ်းအနားကို ယမန်နေ့က ကျိုင်းတုံမြို့ ခေမရဋ္ဌအစိုးရရိပ်သာအစည်းအဝေးခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်အောင်က တိုင်းရင်းသားစာပေယဉ်ကျေးမှုအဖွဲ့များကို ဘဏ္ဍာရန်ပုံငွေများ ပေးအပ်ခြင်းသည် မိမိတို့၏ ရိုးရာယဉ်ကျေးမှုကို မပျောက်ရအောင် ဆောင်ရွက်ခြင်း ဖြစ်ကြောင်း၊ တိုင်းရင်းသားအဖွဲ့များအနေဖြင့် ဒေသဖွံ့ဖြိုးရေးနှင့် ရိုးရာယဉ်ကျေးမှုဓလေ့ထုံးတမ်းများ ရေရှည်ထိန်းသိမ်းရေးအတွက် လိုအပ်သည်များ တင်ပြကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများက အာခါစာပေနှင့်ယဉ်ကျေးမှုအဖွဲ့၊ အာခါအမျိုးသားစာပေနှင့်ယဉ်ကျေးမှုအဖွဲ့၊ အဲန်စာပေယဉ်ကျေးမှုအဖွဲ့၊ ပလောင်စာပေနှင့်ယဉ်ကျေးမှုအဖွဲ့၊ လားဟူစာပေယဉ်ကျေးမှုအဖွဲ့၊ တိုင်းလုံစာပေနှင့် ယဉ်ကျေးမှုအဖွဲ့၊ အားခေစာပေနှင့် ယဉ်ကျေးမှုအဖွဲ့၊ 'ဝ' စာပေနှင့် ယဉ်ကျေးမှုအဖွဲ့၊ တိုင်းလိစာပေနှင့် ယဉ်ကျေးမှုအဖွဲ့၊ လွယ်(ပလန်)စာပေယဉ်ကျေးမှုနှင့်အဖွဲ့၊ လီဆူစာပေယဉ်ကျေးမှုအဖွဲ့၊ ဗမာတိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့၊ ဂုံရှမ်းစာပေနှင့် ယဉ်ကျေးမှုအဖွဲ့၊ တိုင်းနေ စာပေယဉ်ကျေးမှုအဖွဲ့တို့အား ထောက်ပံ့ငွေများ ပေးအပ်ကြသည်။

ယင်းနောက် တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှု အဖွဲ့များကိုယ်စား အဲန်စာပေနှင့်ယဉ်ကျေးမှုအဖွဲ့ ဥက္ကဋ္ဌက ကျေးဇူးတင်စကား ပြောကြားသည်။

အဆိုပါ တိုင်းရင်းသားရိုးရာယဉ်ကျေးမှု ထိန်းသိမ်းစောင့်ရှောက်ရေး လုပ်ငန်းများအတွက် ယနေ့ ထောက်ပံ့ငွေ စုစုပေါင်းငွေကျပ် ၈၅၆ သိန်းကျော် ဖြစ်ကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

# ကောင်းမွန်သော ရေသတ္တဝါမွေးမြူရေးကျင့်စဉ် (GAqP)၊ အကောင်းဆုံးမွေးမြူရေးကျင့်စဉ်(BAP) သင်တန်းနှင့် အစားအစာဘေးအန္တရာယ်ကင်းရှင်းရေးစီမံခန့်ခွဲမှု သင်တန်းဖွင့်

**မြိတ် ဩဂုတ် ၆**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့၌ ကောင်းမွန်သော ရေသတ္တဝါ မွေးမြူရေးကျင့်စဉ် (GAqP)၊ အကောင်းဆုံး မွေးမြူရေးကျင့်စဉ် (BAP)သင်တန်းနှင့် အစားအစာဘေးအန္တရာယ် ကင်းရှင်းရေး စီမံခန့်ခွဲမှုသင်တန်းကို ငါးလုပ်ငန်း ဦးစီးဌာနက ကြီးမှူး၍ ယမန်နေ့က မြိတ်ကော်ပိုရေးရှင်းအများနှင့် သက်ဆိုင်သော ကုမ္ပဏီလီမိတက် အစည်းအဝေးခန်းမတွင် ဖွင့်လှစ်သည်။



သင်တန်းဖွင့်ပွဲတွင် ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဇင်ထူးက သင်တန်းဖွင့် အမှာစကားပြောကြားပြီး မြန်မာနိုင်ငံငါးလုပ်ငန်း အဖွဲ့ချုပ်အကြီးတန်း ဒုတိယဥက္ကဋ္ဌ ဒေါ်တိုးနန္ဒာတင်က သင်တန်း ဖွင့်လှစ်ရခြင်း၏ အကျိုးကျေးဇူးကို ရှင်းလင်းပြောကြားသည်။ ထို့နောက် သင်တန်းဆရာ ဦးတင့်ဝေက သင်တန်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး သင်တန်းစတင်ခဲ့သည်။

အဆိုပါ သင်တန်းကို ရေထွက်ပစ္စည်း ပြုပြင်ထုတ်လုပ်သည့် အအေးခန်းစက်ရုံ၊ အလုပ်ရုံနှင့် ငါး / ပုစွန် / ကဏန်း မွေးမြူရေး လုပ်ကိုင်နေကြသည့်ကုမ္ပဏီများ၊ မြိတ်တက္ကသိုလ် အဏ္ဏဝါသိပ္ပံဌာနမှ ဆရာ ဆရာမနှင့် ကျောင်းသားကျောင်းသူများ၊ ငါးလုပ်ငန်းဦးစီးဌာနမှ ဝန်ထမ်းများ စုစုပေါင်း သင်တန်းသား သင်တန်းသူ ၁၆၄ ဦး တက်ရောက်ကြပြီး ဩဂုတ် ၅ ရက်မှ ၈ ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်ကာ ပညာရှင်များက ကောင်းမွန်သော ရေသတ္တဝါ မွေးမြူရေးကျင့်စဉ် (GAqP)၊ အကောင်းဆုံးမွေးမြူရေးကျင့်စဉ် (BAP)သင်တန်းနှင့် အစားအစာဘေးအန္တရာယ်ကင်းရှင်းရေး စီမံခန့်ခွဲမှုဆိုင်ရာ သင်ခန်းစာများကို သင်ကြားပို့ချမည်ဖြစ်ကြောင်း သိရသည်။

**ခိုင်ထူး (ပြန်/ဆက်)**

# မြောက်ဥက္ကလာပမြို့နယ်၌ အမှိုက်များကို အမျိုးအစားအလိုက် ခွဲခြားစွန့်ပစ်ရေး အသိပညာပေးခြင်းနှင့် လက်တွေ့သရုပ်ပြသ

**ရန်ကုန် ဩဂုတ် ၆**

မြောက်ဥက္ကလာပမြို့နယ်တွင် သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှုကို လျှော့ချနိုင်ရေးနှင့် အမှိုက်များစနစ်တကျစွန့်ပစ်နိုင်ရေးအတွက် အမှိုက်များအား အမျိုးအစားအလိုက် ခွဲခြားစွန့်ပစ်နိုင်ရေး အသိပညာပေး ဟောပြောခြင်းနှင့် လက်တွေ့သရုပ်ပြသခြင်းကို ယနေ့ နံနက်က အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း ကန်သာယာခန်းမတွင် ပြုလုပ်သည်။

ဦးစွာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်နန်းတင်ယုဆွေက အမှိုက်စွန့်ပစ်ပစ္စည်းများကို စနစ်တကျမစွန့်ပစ်လျှင် သဘာဝပတ်ဝန်းကျင်ညစ်ညမ်းစေကြောင်း၊ အများပြည်သူသွားလာရာ နေရာများတွင် အမှိုက်များကို စနစ်တကျစွန့်ပစ်ကြရန် လိုကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာခင်နှင်းအေးက အမှိုက်အမျိုးအစားအလိုက်အရောင်ဖြင့် ခွဲခြားစွန့်ပစ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့ပြီး ကျောင်းသား ကျောင်းသူများနှင့်အတူ အဝါ၊ အစိမ်း၊ အနီ၊ အပြာ အမှိုက်ပုံးအရောင် အမှိုက်အမျိုးအစားလေးမျိုး စွန့်ပစ်ခြင်းကို လက်တွေ့သရုပ်ပြသဆောင်ရွက်ခဲ့သည်။

**သက်လွင်စိုး (ပြန်/ဆက်)**

မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။
လျှပ်စစ်ကိုချွေတာသုံးစွဲခြင်းဖြင့် မီးတာခများများ ကျသင့်ခြင်းမှ ရှောင်ရှားပါ။

# တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့၌ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပ

**ထားဝယ် ဩဂုတ် ၆**

စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲက ထားဝယ်မြို့ အမှတ်(၃)အခြေခံပညာ အထက်တန်းကျောင်း ပညာ့ဗိမာန်ခန်းမ၌ ကျင်းပသည်။

ဦးစွာ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက "ပညာဘဏ်တိုက်စာကြည့်တိုက်သို့သွားကြမည်" သီချင်းဖြင့် သီဆိုဖျော်ဖြေပြီး ဆရာ ဆရာမများက "ပညာဘဏ်တိုက်စာကြည့်တိုက်" သီချင်းဖြင့် သီဆိုကပြဖျော်ဖြေသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုက အမှာစကားပြောကြားပြီး ဟောပြောပေးကြသော စာရေးဆရာမ နုနှင်းသစ်နှင့် စာရေးဆရာ အန်ကယ်ပညာတို့ကို ဂုဏ်ပြုဆုချီးမြှင့်၍ ကျပန်းစကားပြောပြိုင်ပွဲ (အထက်တန်း)အဆင့်တွင် ဆုရရှိသော ကျောင်းသား ကျောင်းသူ ငါးဦးအား ဆုများချီးမြှင့်ကာ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်က စာစီစာကုံး(အထက်တန်း)အဆင့်တွင် ဆုရရှိသော ကျောင်းသား ကျောင်းသူ ငါးဦးအား ဆုချီးမြှင့်သည်။




ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးများနှင့် တိုင်းဒေသကြီး ဥပဒေချုပ်၊ အတွင်းရေးမှူးတို့က စာဖတ်စွမ်းရည် (အလယ်တန်း)အဆင့်တွင် ဆုရရှိသော ကျောင်းသား ကျောင်းသူ ငါးဦး၊ စာစီစာကုံး (အလယ်တန်း) အဆင့်တွင် ဆုရရှိသော ကျောင်းသား ကျောင်းသူ ငါးဦး၊ ပုံပြင်ပြောပြိုင်ပွဲ (မူလတန်း) အဆင့်တွင်ဆုရရှိသော ကျောင်းသား ကျောင်းသူများအား ဆုများပေးအပ်ချီးမြှင့်ပြီး ပြိုင်ပွဲဝင်ကျောင်းသား ကျောင်းသူများကို ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ကြသည်။

ထို့နောက် တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် တိုင်းဒေသကြီးမိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့တို့က အထက (၃) ကျောင်းစာကြည့်တိုက်အတွက် စာအုပ်စာစောင်များကိုလည်းကောင်း၊ ဆရာမိုးဒီပညာရွှေပြည်ကုမ္ပဏီလီမိတက်မှ ကျောင်းစာကြည့်တိုက်အတွက်ငွေကျပ် ၁၀ သိန်းကိုလည်းကောင်း ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာကြီးက လက်ခံရယူသည်။

ယင်းနောက် ဆရာမိုးဒီပညာရွှေပြည်ကုမ္ပဏီလီမိတက်က တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ငွေပဒေသာပင်အတွက် လှူဒါန်းငွေကျပ် ၁၀ သိန်း၊ ထားဝယ်ခရိုင်ရုံးစာကြည့်တိုက် ငွေပဒေသာပင်အတွက် အလှူငွေကျပ် ၁၀ သိန်းတို့ကို ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

ဆက်လက်၍ ဆရာမိုးဒီပညာရွှေပြည်ကိုယ်ပိုင်အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူလေးများက ကိုယ်တိုင်တီးခတ်၍ "ဘက်စုံပညာဂုဏ်ရည်တို့လှမ်းချီ" သီချင်းဖြင့်သီဆို၍ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# (၄၆) ကြိမ်မြောက် ဗုဒ္ဓဟူးနေ့စကားဝိုင်းဆွေးနွေးပွဲကို "သီးနှံများ၏ ထုတ်လုပ်မှုစွမ်းအား တိုးတက်စေရေးအတွက် လယ်ယာသုံးစက်ကိရိယာများ အသုံးပြုခြင်းအခန်းကဏ္ဍ" ခေါင်းစဉ်ဖြင့်ကျင်းပ

**နေပြည်တော် ဩဂုတ် ၆**

လယ်ယာကဏ္ဍဖွံ့ဖြိုးရေးလုပ်ငန်းများ စီမံဆောင်ရွက်ရာ၌ ဌာနတစ်ခုချင်း၏ လုပ်ငန်းသဘောသဘာဝများ ဆောင်ရွက်ချက်များကို ဆက်စပ်ဌာနများက ကောင်းစွာသိရှိသဖြင့် ပူးပေါင်းဆောင်ရွက်မှု ပိုမိုအားကောင်းလာစေရန်၊ လုပ်ငန်း၏အားသာချက် အားနည်းချက်များအပေါ် သုံးသပ်အကြံပြုနိုင်ကြရန်နှင့် လိုအပ်ချက်များ အပြန်အလှန် ညှိနှိုင်းဆွေးနွေးနိုင်ရန် စိုက်ပျိုးရေးမွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက လစဉ်ကျင်းပလျက်ရှိသည့် ဗုဒ္ဓဟူးနေ့စကားဝိုင်းဆွေးနွေးပွဲကို (၄၆)ကြိမ်မြောက်အဖြစ် ယနေ့ မွန်းလွဲပိုင်းက နေပြည်တော် ရုံးအမှတ်(၁၅) စုဝေးဆောင်ခန်းမ၌ ကျင်းပရာ ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီး တက်ရောက်အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ ဦးစီးဌာနများမှ ပညာရှင်ကိုယ်စားလှယ်များက သီးနှံများ၏ ထုတ်လုပ်မှုစွမ်းအား တိုးတက်စေရေးအတွက် လယ်ယာသုံးစက်ကိရိယာများ အသုံးပြုခြင်း၏ အရေးပါမှု၊ လယ်ယာသုံးစက်ကိရိယာများ အသုံးပြုခြင်းနှင့် အသုံးမပြုခြင်းတို့၏ သီးနှံထုတ်လုပ်မှု တိုးတက်ရေးအပေါ် သက်ရောက်မှုများနှင့် ဆက်လက်ဆောင်ရွက်သင့်သည့် စမ်းသပ်သုတေသနလုပ်ငန်းများ၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်တွင် လက်ရှိသင်ကြားပေးလျက် ရှိသည့် လယ်ယာသုံး စက်ကိရိယာဆိုင်ရာ သင်ရိုးညွှန်းတမ်းများ၊ သင်ကြားမှုပုံစံများနှင့် ဆက်လက်တိုးချဲ့သင်ကြားပေးသင့်သည့် သင်ခန်းစာများ၊ စက်မှုလယ်ယာဦးစီးဌာနမှ လက်ရှိ ဆောင်ရွက်လျက်ရှိသော လယ်ယာသုံးစက်ကိရိယာဝန်ဆောင်မှု လုပ်ငန်းများ၊ စက်ကိရိယာသုတေသနစမ်းသပ်ဆောင်ရွက်ချက်များနှင့် လယ်ယာသုံးစက်ကိရိယာများ တိုးတက်သုံးစွဲလာနိုင်စေရန် ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို တင်ပြဆွေးနွေးကြပြီး ဆွေးနွေးပွဲတက်ရောက် လာကြသူများ၏ မေးမြန်းချက်များကို အသေးစိတ်ရှင်းလင်းဖြေကြားသည်။



စကားဝိုင်း ဆွေးနွေးပွဲသို့ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ဌာနတာဝန်ရှိသူများ၊ အရာထမ်းများ၊ အမှုထမ်းများ တက်ရောက်ကြပြီး တိုင်းဒေသကြီး၊ ပြည်နယ်များမှ လယ်ယာကဏ္ဍဆိုင်ရာတာဝန်ရှိသူများက Online မှ တက်ရောက်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

## ကျောင်းကုန်းမြို့၌ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်(ပထမပတ်)လှုပ်ရှားမှုအခမ်းအနားကျင်းပ

**ကျောင်းကုန်း ဩဂုတ် ၆**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့၌ ၂၀၂၅ ခုနှစ် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ် (ပထမပတ်) မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်လှုပ်ရှားမှုအခမ်းအနားကို ယနေ့ နံနက်ပိုင်းက ကျင်းပသည်။



အခမ်းအနားတွင် မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်မြစန္ဒာညိုက အမှာစကားပြောကြားပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးဒေါက်တာအေးနိုင်က အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှုအကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်အထိမ်းအမှတ်အား ဗီဒီယိုဖြင့် ပြသပေးကာ မိခင်နို့စနစ်တကျ တိုက်ကျွေးခြင်းကို သရုပ်ပြ တိုက်ကျွေးခဲ့ကြပြီး နို့တိုက်မိခင်များ၊ ငါးနှစ်အောက်ကလေးငယ်များ၊ ကိုယ်ဝန်ဆောင်မိခင်များအား အိုင်အိုဒင်းဆား၊ အာဟာရဖြည့်သံဓာတ်ဆေးပြား၊ ဗီတာမင်ဘီဝမ်း၊ ဗီတာမင်အေအားဆေး၊ သန်ချဆေးများ တိုက်ကျွေးခဲ့ကြသည်။ ဆက်လက်၍ ဒုတိယပတ်၊ တတိယပတ်၊ စတုတ္ထပတ်များတွင်လည်း တိုက်ကျွေးသွားမည်ဖြစ်ကြောင်း ကျန်းမာရေးဌာနမှ သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**

## ကျိုက်မရောမြို့၌ ဆက်သွယ်ရေးလိမ်လည်မှု တိုက်ဖျက်ရေးဆိုင်ရာအသိပညာပေးဟောပြော

**ကျိုက်မရော ဩဂုတ် ၆**

ကျိုက်မရောမြို့နယ် ၌ ဆက်သွယ်ရေး လိမ်လည်မှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲကို ယနေ့ နံနက်ပိုင်းက အထက ကျိုက်မရော ပညာအားမာန်ခန်းမ၌ ကျင်းပသည်။

ဟောပြောပွဲတွင် ကျိုက်မရောမြို့နယ် ဥပဒေရုံးမှ မြို့နယ်ဥပဒေအရာရှိ ဒေါ်မြင့်သက်ထွေးက ဆိုရှယ်မီဒီယာပေါ်က အန္တရာယ်များ ခေါင်းစဉ်ဖြင့် ဟောပြောခဲ့ပြီး လန်ချန်း- မဲခေါင် တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေး ပူးပေါင်းဆောင်ရွက်မှု ဗဟိုဌာန(LMLECC) က ဖြန့်ဝေပေးပို့သည့် ဆက်သွယ်ရေးလိမ်လည်မှု တိုက်ဖျက်ရေး အသိပညာပေး ဗီဒီယိုဖိုင်နှစ်ခုကို ကျောင်းသား ကျောင်းသူများအား ဖွင့်လှစ်ပြသခဲ့သည်။



အဆိုပါ ဥပဒေပညာပေး ဟောပြောပွဲသို့ အထက ကျိုက်မရောကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ခင်သန့်နှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့သည်။ **ကျိုက်မရော(ပြန်/ဆက်)**

# မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း Myanmar Car & Motorcycle Business Co.,Ltd. ၏ SKD မော်တော်ဆိုင်ကယ် တပ်ဆင်ထုတ်လုပ်နေမှုနှင့် ပြည်မြန်မာကိတ်နှင့် မုန့်မျိုးစုံလုပ်ငန်းလည်ပတ်နေမှု ကြည့်ရှုအားပေး



**မော်လမြိုင် ဩဂုတ် ၆**

မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် ယနေ့ နံနက်ပိုင်းက မော်လမြိုင်မြို့ လှိုင်ရပ်ကွက်ရှိ Myanmar Car & Motorcycle Business Co.,Ltd. ၏ ရာနှုန်းပြည့်မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုဖြင့် နှစ်ဘီးသုံးဘီး မော်တော်ဆိုင်ကယ် တပ်ဆင်ထုတ်လုပ်ခြင်းအလုပ်ရုံသို့ သွားရောက်ကြည့်ရှုအားပေးသည်။

ကြည့်ရှုအားပေးစဉ် ပြည်နယ်ဝန်ကြီးချုပ်က ပြည်တွင်းထုတ်ကုန်များ ပိုမိုထုတ်လုပ်နိုင်စေရန်အတွက် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများကို အားပေးဆောင်ရွက်သွားကြရန်လိုကြောင်း၊ ကောင်းမွန်သော စီးပွားရေးအခြေအနေကောင်းများ ပေါ်ထွန်းလာစေရေးနှင့် ပြည်သူများ စီးပွားရေးအလုပ်အကိုင် အခွင့်အလမ်းများ ရရှိစေရေးအတွက် အားလုံးဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြရန်လိုကြောင်း၊ မိမိတို့ ထုတ်ကုန်ပစ္စည်းများကို စံချိန်မီအရည်အသွေးထုတ်လုပ်ခြင်း၊ ဈေးနှုန်းမှန်ကန်မှုတစ္စာ ရောင်းချခြင်းတို့အပါအဝင် ဈေးကွက်စီးပွားရေးပီပြင်စွာဖြစ်ပေါ်လာစေရေး တာဝန်ရှိသူအားလုံးက စဉ်ဆက်မပြတ်ကြိုးစားဆောင်ရွက်သွားရန်လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ပမှရောက်ရှိလာသည့် မော်တော်ဆိုင်ကယ် အစိတ်အပိုင်းများနှင့် မော်တော်ဆိုင်ကယ် တပ်ဆင်ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း ဆောင်ရွက်ထားရှိမှုနှင့် EV မော်တော်ဆိုင်ကယ် တပ်ဆင်ထုတ်လုပ်ရန် ဆောင်ရွက်လျက်ရှိသည့် အဆောက်အအုံ ဆောက်လုပ်ပြီးစီးမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ သွေးသောက်ရပ်ကွက်ရှိ ပြည်မြန်မာကိတ်နှင့် မုန့်မျိုးစုံလုပ်ငန်းသို့ ရောက်ရှိပြီး အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းဖြစ်သည့် ကိတ်မုန့်နှင့် မုန့်မျိုးစုံ ထုတ်လုပ်ပုံအဆင့်ဆင့်ကို ကြည့်ရှုအားပေးပြီး ပြည်နယ်ဝန်ကြီးချုပ်က စားသုံးကုန်များထုတ်လုပ်ရာတွင် အဆင့်မီစက်ပစ္စည်းများအသုံးပြုနိုင်ရေး၊ အရည်အသွေးကောင်းမွန်ရေး၊ ဓာတုဆိုးဆေးများ အသုံးမပြုရေး၊ ထုပ်ပိုးမှုစနစ်တကျရှိစေရေးနှင့် ပြည်သူများ သန့်ရှင်းလတ်ဆတ်စွာ စားသုံးနိုင်ရေးအတွက် အလေးထား ဆောင်ရွက်သွားရန်မှာကြား၍ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **စည်သူ(ပြန်/ဆက်)**

# နောင်ချိုမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၌ ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားလျက်ရှိ

**နေပြည်တော် ဩဂုတ် ၆**

ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့၌ အကြမ်းဖက်သောင်းကျန်းသူများ၏ အကြမ်းဖက်လုပ်ရပ်များကြောင့် တစ်နှစ်နီးပါး ပိတ်ထားခဲ့ရသည့် အခြေခံပညာကျောင်းများအား ၂၀၂၅ ခုနှစ် ဇူလိုင် ၂၅ ရက်မှစ၍ ပြန်လည်ဖွင့်လှစ်ပြီး ကျောင်းသား ကျောင်းသူများအား စာပေပညာရပ်များကို သင်ကြားပေးလျက်ရှိသည့်အပြင် ကျောင်းအပ်လက်ခံခြင်းကိုလည်း ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။



ထိုသို့ကျောင်းနေအရွယ်ကလေးများအား တန်းစဉ်အလိုက် ပညာသင်ကြားနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိရာ နောင်ချိုမြို့နယ်အတွင်း အခြေခံပညာကျောင်း ၂၆ ကျောင်းအထိ ပြန်လည်ဖွင့်လှစ်နိုင်ခဲ့ပြီး ကျောင်းအပ်လက်ခံခြင်းကိုလည်း ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသဖြင့် ယနေ့တွင် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၄၄၀၀ အေးချမ်းပျော်ရွှင်စွာ တက်ရောက်ပညာသင်ကြားလျက်ရှိသည်။

ထို့အပြင် ဒေသခံတိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အဆင်ပြေချောမွေ့စေရန်အတွက် အကြမ်းဖက်သမားများ ဖျက်ဆီးခဲ့သည့် နောင်ချိုမြို့နယ် ပြည်သူ့ဆေးရုံကြီးအား ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ကာ ဩဂုတ် ၂ ရက်တွင် ပြန်လည်ဖွင့်လှစ်ပေးခဲ့ပြီး ဒေသခံတိုင်းရင်းသားပြည်သူများအား လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။ ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ပြည်သူ့ဆေးရုံကြီး၌ ပြင်ပလူနာ စုစုပေါင်း ၆၇ ဦးတို့ကို ငှက်ဖျားရောဂါ၊ တုပ်ကွေးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ဝက်သက်ရောဂါ၊ တုပ်ကွေးရောဂါတို့နှင့်ပတ်သက်၍ ကာကွယ်ဆေးထိုးရန်လိုအပ်သည့် လူနာ ၁၂၉ ဦးတို့ကို ကာကွယ်ဆေး ထိုးနှံပေးသည်။ ပြည်သူ့ဆေးရုံကြီး၌ အတွင်းလူနာအဖြစ် အမျိုးသား ၁၆ ဦး၊ အမျိုးသမီး ၁၁ ဦး စုစုပေါင်း ၂၇ ဦး တက်ရောက်ဆေးကုသမှုခံယူလျက်ရှိရာ ဆေးအဖွဲ့များက လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ပွင့်ဖြူမြို့နယ် သိမ်ကုန်းကျေးရွာ၌ VDP စီမံကိန်းမိတ်ဆက်ရှင်းလင်း

**ပွင့်ဖြူ ဩဂုတ် ၆**

ပွင့်ဖြူမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် သံကိုင်းကျေးရွာအုပ်စု သိမ်ကုန်းကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ပံ့ပိုးရန်ပုံငွေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်နိုင်ရန်အတွက် VDP စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းဆောင်ရွက်ခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပသည်။

ပွင့်ဖြူမြို့နယ်၌ ယခု ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် သိမ်ကုန်းကျေးရွာ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ပံ့ပိုးရန်ပုံငွေကျပ် ၁၅ သန်းနှင့် ကျေးရွာပြည်သူထည့်ဝင်ငွေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကျေးရွာသူ ကျေးရွာသားများကိုယ်တိုင် ဦးဆောင်၍ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးလှဌေးမောင်ထံက သိရသည်။ **လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

# အာဆီယံ အမျိုးသမီးချန်ပီယံရှစ်ပြိုင်ပွဲ အုပ်စု (B) ပွဲကြိုသတင်းစာရှင်းလင်းပွဲ ကျင်းပ

**ရန်ကုန် ဩဂုတ် ၆**

၂၀၂၅ အာဆီယံ အမျိုးသမီးချန်ပီယံရှစ်ပြိုင်ပွဲ အုပ်စု(B) ပွဲကြိုသတင်းစာရှင်းလင်းပွဲကို ဩဂုတ် ၆ ရက်ကကျင်းပရာ မြန်မာ၊ ဩစတြေးလျ၊ ဖိလစ်ပိုင်နှင့် တီမောအသင်းတို့မှ နည်းပြချုပ်များနှင့် အသင်းခေါင်းဆောင်တို့ တက်ရောက်ကြသည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်း နည်းပြချုပ်ဖြစ်သူ ဂျပန်နိုင်ငံသား ယုကီတက်ဆုရိုက "ပြိုင်ဘက်ကောင်းတွေနဲ့ ရင်ဆိုင်ရမှာဖြစ်တာကြောင့် တစ်ပွဲချင်း အာရုံစိုက်သွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ ဒီပြိုင်ပွဲမတိုင်မီ တရုတ်နိုင်ငံမှာ သွားရောက်လေ့ကျင့်ပြင်ဆင်ထားတာကြောင့် ပုံစံကောင်း ရရှိနေပြီလို့ ယုံကြည်ထားပါတယ်။ ဩစတြေးလျနဲ့ ဖိလစ်ပိုင်တို့ဟာ မာကျောတဲ့ အသင်းတွေဖြစ်ပေမယ့် ရလဒ်ကောင်းယူနိုင်ဖို့ သေချာပြင်ဆင်သွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့အသင်းဟာ ပွဲစဉ်တိုင်းကို တိုက်ပွဲဝင် စိတ်ဓာတ်အပြည့်နဲ့ ကစားသွားမှာဖြစ်ပါတယ်"ဟု ပြောကြားသည်။

ဩစတြေးလျအသင်းနည်းပြချုပ် ပါလာဆီဒက်စ်က "အသင်းမှာ လူငယ်ကစားသမားအများစု ပါဝင်နေတာမို့ အုပ်စုတွင်း ပြိုင်ဘက်တွေကို သေချာပြင်ဆင်ကစားသွားရမှာဖြစ်ပါတယ်။ မြန်မာနဲ့ ဖိလစ်ပိုင်တို့က အသင်းကောင်းတွေ ဖြစ်ကြတာမို့ စိန်ခေါ်မှုတွေနဲ့ ရင်ဆိုင်ရမှာ ဖြစ်ပါတယ်။ ဆီမီးတက်ဖို့ ပွဲစဉ်တိုင်းက အရေးပါနေတာကြောင့် အကောင်းဆုံးကစားဖို့ လိုပါတယ်။ ကျွန်တော်က အမျိုးသမီးလက်ရွေးစင်အသင်းကြီးမှာလည်း လက်ထောက်နည်းပြ လုပ်ဖူးတာကြောင့် ကစားသမားတွေကို ဘယ်လိုကိုင်တွယ်ရမလဲဆိုတာ သိထားပါတယ်"ဟု ပြောကြားသည်။

ဗီယက်နမ်နိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပနေသည့် ၂၀၂၅ အာဆီယံ အမျိုးသမီးချန်ပီယံရှစ်ပြိုင်ပွဲ အုပ်စု (A) ပထမနေ့ကို ဩဂုတ် ၆ ရက်က စတင်ကျင်းပပြီး အုပ်စု (B) ပထမနေ့ကို ဩဂုတ် ၇ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။ ပြိုင်ပွဲကို အုပ်စုနှစ်ခုခွဲ၍ ကျင်းပနေပြီး အုပ်စု (A) တွင် အိမ်ရှင်ဗီယက်နမ်၊ ထိုင်း၊ အင်ဒိုနီးရှား၊ ကမ္ဘောဒီးယား၊ အုပ်စု(B)တွင် လက်ရှိချန်ပီယံ ဖိလစ်ပိုင်၊ မြန်မာ၊ ဩစတြေးလျ၊ တီမောအသင်းတို့ ပါဝင်နေသည်။ ဩစတြေးလျအသင်းသည် ယခုပြိုင်ပွဲကို လက်ရွေးစင်အသင်း စေလွှတ်ခြင်းမရှိဘဲ ယူ-၂၃ အသင်းသာ စေလွှတ်ခြင်းဖြစ်သည်။ ဩဂုတ် ၇ ရက် ညနေ ၄ နာရီတွင် မြန်မာအသင်းနှင့် ဩစတြေးလျအသင်း၊ မြန်မာစံတော်ချိန် ည ၇ နာရီတွင် ဖိလစ်ပိုင်အသင်းနှင့် တီမောအသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ **သော်လေး၊ ဓာတ်ပုံ-MFF**




မြန်မာအသင်း နည်းပြချုပ်နှင့် ကစားသမားတို့အား ပွဲကြိုသတင်းစာရှင်းလင်းပွဲတွင် တွေ့ရစဉ်။

# ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် ပိုက်ကျော်ခြင်း (အမျိုးသား / အမျိုးသမီး) လေးယောက်တွဲ အဖွဲ့လိုက် အကြိုဗိုလ်လုပွဲနှင့် တတိယလုပွဲ ပွဲစဉ်များ ဆက်လက်ကျင်းပ



**နေပြည်တော် ဩဂုတ် ၆**

ပိုက်ကျော်ခြင်းအားကစားအဆင့်အတန်း ပိုမိုတိုးတက်မြင့်မားလာစေရန်နှင့် မျိုးဆက်သစ်အားကစားသမားများစွာ ပေါ်ထွက်လာစေရန် ရည်ရွယ်၍ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနမှ ကြီးမှူး၍ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့နှင့်မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် ပိုက်ကျော်ခြင်း (အမျိုးသား/အမျိုးသမီး)ပြိုင်ပွဲများကို ယနေ့နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ကိုးသိန်းအားကစားရုံ၌ကျင်းပရာ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနမှ ပြိုင်ပွဲကျင်းပရေးဆိုင်ရာ တာဝန်ရှိသူများနှင့် အားကစားဝါသနာရှင်များ လာရောက်ကြည့်ရှုအားပေးသည်။

ယနေ့ (အမျိုးသား) လေးယောက်တွဲ အဖွဲ့လိုက် အကြိုဗိုလ်လုပွဲပြိုင်ပွဲ ပွဲစဉ်များတွင် မန္တလေးတိုင်းဒေသကြီးအသင်းက မွန်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက ဧရာဝတီတိုင်းဒေသကြီး အသင်းကို နှစ်ပွဲ-တစ်ပွဲဖြင့်လည်းကောင်း၊ (အမျိုးသမီး) လေးယောက်တွဲ အဖွဲ့လိုက် အကြိုဗိုလ်လုပွဲပြိုင်ပွဲ ပွဲစဉ်များတွင် မွန်ပြည်နယ်အသင်းက ဧရာဝတီတိုင်းဒေသကြီးအသင်းကို နှစ်ပွဲ-တစ်ပွဲဖြင့်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက စစ်ကိုင်းတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း ယှဉ်ပြိုင် အနိုင်ရရှိသည်။

ဆက်လက်၍ အကြိုဗိုလ်လုပွဲပြိုင်ပွဲ ပွဲစဉ်များအပြီးတွင် (အမျိုးသား/အမျိုးသမီး) လေးယောက်တွဲ အဖွဲ့လိုက် တတိယလုပွဲပြိုင်ပွဲ ပွဲစဉ်ကို ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရာ (အမျိုးသား)လေးယောက်တွဲ အဖွဲ့လိုက် တတိယလုပွဲပြိုင်ပွဲ ပွဲစဉ်တွင် ဧရာဝတီတိုင်းဒေသကြီး အသင်းက မွန်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ (အမျိုးသမီး) လေးယောက်တွဲ အဖွဲ့လိုက် တတိယလုပွဲ ပြိုင်ပွဲ ပွဲစဉ်တွင် ဧရာဝတီတိုင်းဒေသကြီး အသင်းက စစ်ကိုင်းတိုင်းဒေသကြီး အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိသည်။

ဩဂုတ် ၇ ရက်နံနက် ၉ နာရီမှ စတင်၍ (အမျိုးသား)လေးယောက်တွဲ အဖွဲ့လိုက် ဗိုလ်လုပွဲပြိုင်ပွဲ ပွဲစဉ်အဖြစ် မန္တလေးတိုင်းဒေသကြီးအသင်းနှင့် ရန်ကုန်တိုင်းဒေသကြီးအသင်း၊ (အမျိုးသမီး) လေးယောက်တွဲ အဖွဲ့လိုက် ဗိုလ်လုပွဲ ပြိုင်ပွဲ ပွဲစဉ်အဖြစ် မွန်ပြည်နယ် အသင်းနှင့် ရန်ကုန်တိုင်းဒေသကြီး အသင်းတို့ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ပြီး ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါ ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် ပိုက်ကျော်ခြင်း (အမျိုးသား / အမျိုးသမီး) ပြိုင်ပွဲများကို ဩဂုတ် ၇ ရက်အထိ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ကိုးသိန်းအားကစားရုံ၌ ကျင်းပသွားမည်ဖြစ်၍အားကစားဝါသနာရှင် မိဘပြည်သူများအနေဖြင့် မည်သူမဆို အခမဲ့ လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## ဆက်သွယ်ရေးကွန်ရက်ကိုအသုံးပြု၍ ရုပ်ရှင်ကားထုတ်လွှင့်ပြသခြင်း လုပ်ငန်းများနှင့်ပတ်သက်၍ အသိပေးကြေညာချက်

ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့က အရေးကြီး ကုန်စည်နှင့်ဝန်ဆောင်မှု ဥပဒေပုဒ်မ ၄၊ ပုဒ်မခွဲ(ဂ)ကို ကျင့်သုံး၍ အပ်နှင်းသောအမိန့်အရ ဆက်သွယ်ရေးကွန်ရက်ကို အသုံးပြု၍ ရုပ်ရှင်ကားထုတ်လွှင့်ပြသခြင်းလုပ်ငန်း လုပ်ကိုင်ခွင့်အမိန့် အမိန့်အမှတ် (၃၂/၂၀၂၄) ကို ၁၃-၃-၂၀၂၄ ရက်စွဲဖြင့် ထုတ်ပြန်ခဲ့ပြီး ဆက်သွယ်ရေးကွန်ရက်ကိုအသုံးပြု၍ ရုပ်ရှင်ကားထုတ်လွှင့်ပြသခြင်း လုပ်ငန်း လုပ်ကိုင်ခွင့်မှတ်ပုံတင်လက်မှတ် ထုတ်ပေးခြင်းနှင့် စိစစ်ခွင့်ပြုခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။

ဆက်သွယ်ရေးကွန်ရက်ကိုအသုံးပြု၍ ရုပ်ရှင်ကားထုတ်လွှင့်ပြသခြင်းလုပ်ငန်း လုပ်ကိုင်ခွင့် မှတ်ပုံတင်လက်မှတ် ရယူထားသူသည် အမိန့်အမှတ်(၃၂/၂၀၂၄)အရ မိမိတို့လွှင့်တင်မည့် Content များအား စိစစ်ရေးအဖွဲ့ထံသို့ ဦးစွာတင်ပြ ခွင့်ပြုချက်ရယူရမည်ဖြစ်ပါသည်။

သို့ရာတွင် ဆက်သွယ်ရေးကွန်ရက်ကိုအသုံးပြု၍ ရုပ်ရှင်ကားထုတ်လွှင့်ပြသခြင်းလုပ်ငန်း လုပ်ကိုင်ခွင့်မှတ်ပုံတင်လက်မှတ် ရယူထားသော AWS+ နှင့် cmapp.tv တို့သည် စိစစ်ရေးအဖွဲ့သို့ တင်ပြထားခြင်းမရှိသော ရုပ်ရှင်ဇာတ်ကားများကို ၎င်းတို့၏အက်ပလီကေးရှင်းများတွင် လွှင့်တင်ထားရှိကြောင်း စိစစ်တွေ့ရှိရပါသည်။

ထို့အတွက် AWS+ နှင့် cmapp.tv တို့ကို စည်းမျဉ်းစည်းကမ်းများ မလိုက်နာသဖြင့် ၎င်းတို့၏ လုပ်ငန်းလုပ်ကိုင်ခွင့် မှတ်ပုံတင်လက်မှတ်ကို အမြဲတမ်းရုပ်သိမ်းထားပြီး တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်နိုင်ရေး ဆောင်ရွက်လျက်ရှိပါသည်။

သို့ဖြစ်ပါ၍ ဆက်သွယ်ရေးကွန်ရက်ကိုအသုံးပြု၍ ရုပ်ရှင်ကားထုတ်လွှင့်ပြသခြင်းလုပ်ငန်း လုပ်ကိုင်ခွင့်မှတ်ပုံတင်လက်မှတ်ရယူပြီးသူများအနေဖြင့် မိမိတို့လွှင့်တင်သည့် Content များကို စိစစ်ရေးအဖွဲ့ထံ တင်ပြနိုင်ရေးနှင့် လုပ်ငန်းလုပ်ကိုင်ခွင့်မှတ်ပုံတင်လက်မှတ်ရယူထားခြင်းမရှိသောသူများအနေဖြင့်လည်း ဆက်သွယ်ရေးကွန်ရက်ကို အသုံးပြု၍ ရုပ်ရှင်ကားထုတ်လွှင့်ပြသခြင်းလုပ်ငန်း လုပ်ကိုင်ခွင့်မှတ်ပုံတင်လက်မှတ် လျှောက်ထားရယူရမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

## မုတ်သုံလေ အားအနည်းငယ်မှ အားအသင့်အတင့် ရှိနေ

**နေပြည်တော် ဩဂုတ် ၆**

ဘင်္ဂလားပင်လယ်အော် အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအနည်းငယ်မှ အားအသင့်အတင့် ရှိနေသည်။

ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

❖ *ကျောဖုံးမှ*

ကွာတားဖိုင်နယ်တွင် စပိန်တင်းနစ်မယ် ဘော်ဇက်စ်ကို အနိုင်ယူကျော်ဖြတ်ကာ ဆီမီးဖိုင်နယ်သို့တက်လှမ်းလာသူဖြစ်သည်။ အမ်ဘိုကိုသည် ၂၀၁၉ ခုနှစ်က အန်ဒရက်စ်ကူ ပြီးနောက် ဆီမီးဖိုင်နယ်သို့ တက်လှမ်းနိုင်သည့် ပထမဆုံး ကနေဒါတင်းနစ်မယ်အဖြစ် မှတ်တမ်းဝင်ခဲ့သည်။

ရှိုင်ဘာကီနာနှင့် အမ်ဘိုကိုတို့သည် ယခုပြိုင်ပွဲမတိုင်မီ ပြီးခဲ့သည့်လက ယှဉ်ပြိုင်ကစားခဲ့သည့် ဝါရှင်တန် အိုးပင်းပြိုင်ပွဲ ၁၆ ဦးအဆင့်တွင် ထိပ်တိုက်တွေ့ဆုံထားပြီး ရှိုင်ဘာကီနာက ၆-၃၊ ၇-၅ ရလဒ်ဖြင့် နိုင်ပွဲရရှိကာ နောက်တစ်ဆင့်သို့ တက်လှမ်းထားနိုင်သည်။ ထို့ကြောင့် အမ်ဘိုကိုအနေဖြင့် ယခုအကြိမ်တွေ့ဆုံမှုတွင် အဆိုပါ ရှုံးနိမ့်မှုကို ချေဖျက်သွားနိုင်မည်လား သို့မဟုတ် ရှုံးပွဲထပ်မံကြုံတွေ့ကာ နောက်တစ်ဆင့်တက်လှမ်းခွင့် လွဲချော်သွားမည်လား စောင့်ကြည့်ရမည်ဖြစ်သည်။

ရှိုင်ဘာကီနာသည် အဆိုပါပြိုင်ပွဲတွင် ဆီမီးဖိုင်နယ်အဆင့် တက်လှမ်းထားနိုင်ခဲ့သော်လည်း ကနေဒါ နာမည်ကြီးတင်းနစ်မယ် လေလာဖာနန်ဒက်စ်ကို ရှုံးနိမ့်ခဲ့သည့်အတွက် ဗိုလ်လုပွဲတက်လှမ်းခွင့် လွဲချော်ထားသည်။ ထို့ကြောင့် ရှိုင်ဘာကီနာအနေဖြင့် ယခုဆီမီးဖိုင်နယ်ပြိုင်ပွဲတွင်လည်း ပြိုင်ဘက်ကို အနိုင်ယူကာ ဗိုလ်လုပွဲ တက်လှမ်းသွားနိုင်မည်လား သို့မဟုတ် ပြိုင်ဘက်ကို ရှုံးနိမ့်ကာ ဗိုလ်လုပွဲ တက်လှမ်းခွင့် ထပ်မံလွဲချော်သွားမည်လား စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။

**အောင်ဇော်**

❍ *ကျောဖုံးမှ*

ခင်မိုးဝင်း၊ နန်းချိုမွှေး၊ နိုင်နိုင်ဝင်း၊ ဝင်းစန္ဒာ၊ ဒေစီအောင်၊ စုစုခင်၊ အိသက်ဖြိုးနှင့် ယဉ်လွန်းအိမ်တို့ကို ပွဲထွက်လူစာရင်းတွင် အသုံးပြုခဲ့သည်။ ပွဲအစ ခြောက်မိနစ်တွင် တာ့ခ်မင်နစ္စတန်အသင်း ဂိုးစတင်ရရှိပြီး ထောင့်ကန်ဘောမှတစ်ဆင့် ဘာဘာယီဗာက ခေါင်းတိုက်ပြီး ဂိုးသွင်းယူခဲ့သည်။ ယင်းနောက်ပိုင်းတွင် မြန်မာအသင်း ချေပဂိုးရရန် ကြိုးပမ်းခဲ့သလို မိုးသည်းထန်စွာ ရွာသွန်းလာသဖြင့် တာ့ခ်မင်နစ္စတန်အသင်း ကစားပုံပျက်သွားပြီး မြန်မာအသင်းအတွက် အခွင့်အရေးဖြစ်လာခဲ့သည်။ ၁၄ မိနစ်တွင် အိသက်ဖြိုးက မြန်မာအသင်းအတွက် ချေပဂိုးပြန်သွင်းပြီးနောက် ပွဲကိုထိန်းချုပ်နိုင်ခဲ့ကာ ၂၅၊ ၄၂ မိနစ်တွင် ဒေစီအောင်၊ ၂၈ မိနစ်တွင် အိသက်ဖြိုးတို့က ဂိုးများထပ်သွင်းကာ ပထမပိုင်းအပြီးတွင် လေးဂိုး-တစ်ဂိုးဖြင့် ဦးဆောင်နေသည်။ ဒုတိယပိုင်းတွင်လည်း မြန်မာအသင်း ပွဲကိုထိန်းကစားသွားပြီး ၅၄ မိနစ်တွင် အိသက်ဖြိုး၊ ၆၆ မိနစ်တွင် ယဉ်လွန်းအိမ်တို့က အနိုင်ဂိုးများ ထပ်မံသွင်းယူကာ ပွဲအပြီးတွင် ဂိုးပြတ်အနိုင်ရခဲ့သည်။

မြန်မာအသင်းသည် အုပ်စုဒုတိယပွဲအဖြစ် ဩဂုတ် ၈ ရက်တွင် အင်ဒိုနီးရှားအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**ညီမြတ်သော်တာ**



Maryar NOKA အသင်းနှင့် King Cobra အသင်း ယှဉ်ပြိုင်နေစဉ်။

❑ *ကျောဖုံးမှ*

Maryar NOKA အသင်းသည် ဂိုးပြတ်အနိုင်ရလဒ်ကြောင့် ခြေစစ်ပွဲအောင်မြင်ရန် အခြေအနေကောင်းသွားသည်။ Maryar NOKA အသင်းအတွက် ဂိုးများကို ၂၊ ၂၄ မိနစ်တွင် နေမျိုးသက်၊ လေးမိနစ်တွင် ဇင်မင်းသူနှင့် ၁၉ မိနစ်တွင် နိုင်လင်းထွန်းက သွင်းယူပြီး King Cobra အသင်းအတွက် ချေပဂိုးတစ်ဂိုးကို ၁၅ မိနစ်တွင် ဟိန်းသူဟန်က သွင်းယူသည်။

ခြေစစ်ပွဲတွင် အသင်းသုံးသင်း ယှဉ်ပြိုင်နေပြီး အမှတ်အများဆုံး နှစ်သင်း ခြေစစ်ပွဲအောင်မြင်မည်ဖြစ်ကာ ဒုတိယနေ့အဖြစ် ဩဂုတ် ၇ ရက်တွင် King Cobra အသင်းနှင့် P.S. Star အသင်း ယှဉ်ပြိုင်မည်ဖြစ်သည်။

**အလင်းအိမ်၊ ဓာတ်ပုံ-MFF**

အားကစားမြှင့်တင် စိတ်လန်းရွှင်
ဆန့်ကျင်မူးယစ်ဆေး

# နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့

ဦးကျော်ညွန့်(ရေနံချောင်း)

**တက်လူတေးသံ**

* ကြက်ဖသာလျှင်
  အရုဏ်ရောင်လှ ဝင်းဝါကြ၏။
* ဥဩသာလျှင်
  ရာသီနွေလ ဖူးပွင့်ကြ၏။
* ဖားငယ်သာလျှင်
  အာကာမိုးက မိုးရွာကြ၏။
* တက်လူသာလျှင်
  မြန်မာပြည်လှ အားသစ်ရ၍
  ဇေယျအောင်လံ ထူမည်တည်း။

**ဇော်ဂျီ (အိုးဝေမဂ္ဂဇင်း၊ ဒီဇင်ဘာလ၊ ၁၉၃၅ခုနှစ်)**

ယနေ့ကျောင်းနေအရွယ် မောင်မယ်တို့သည် တက်လူငယ်များ ဖြစ်ကြသည်။ တက်လူငယ်တို့သည် အနာဂတ်ကို ပိုင်စိုးကြရမည်။ အနာဂတ်ကို ပုံဖော်ထုဆစ်ကြရမည်။ အနာဂတ်သည် ယနေ့ တက်လူငယ်တို့၏ လက်ထဲတွင် ရှိနေပါသည်။ ယနေ့တက်လူငယ်တို့၏ စွမ်းရည်၊ စွမ်းအားအပေါ် တည်မှီနေပါသည်။

ယနေ့ ကျောင်းနေအရွယ် တက်လူငယ်တို့၏ စွမ်းရည်၊ စွမ်းအား ပြည့်ဝသည့်အလျောက် အနာဂတ်သည် တောက်ပြောင်၊ ထွန်းသစ်နေမည်မှာ မြေကြီးလက်ခတ် မလွဲပေ။ ခေတ်မီ ဖွံ့ဖြိုးတိုးတက်နေမည်မှာလည်း သေချာပါသည်။

ကမ္ဘာဦးကာလ လူနေမှုအဆင့်အတန်းသည် နိမ့်ကျ၏။ ယနေ့ မျက်မှောက်ကာလ လူနေမှုအဆင့်အတန်းသည် မြင့်မား၏။ ကမ္ဘာဦးကာလနှင့် ယနေ့မျက်မှောက်ကာလသည် လွန်စွာကွာခြားသွားသည်။ အဆင့်ဆင့် ဖွံ့ဖြိုးတိုးတက်လာသောကြောင့် နိမ့်ရာမှ မြင့်ရာသို့ ရောက်ရှိလာခြင်းဖြစ်ပါသည်။ အဆင့်ဆင့် ဖွံ့ဖြိုးတိုးတက်လာသော ဖြစ်စဉ်များတွင် လူသားတို့၏ တီထွင်ဆန်းသစ်မှု၊ တွေးခေါ်မြော်မြင်မှု၊ စဉ်းစားဆင်ခြင် ချင့်ချိန်မှု၊ ကြံရည် ဖန်ရည် ဉာဏ်ရည် ကျယ်ပြန့်လာမှုတို့က အခရာကျပါသည်။ ဖွံ့ဖြိုးတိုးတက်မှုအလုံးစုံ၏ မူလရင်းမြစ်လည်း ဖြစ်ပါသည်။

ထိုမူလရင်းမြစ်များကို ပိုင်ဆိုင်သူများသည်ကား မဟာလူသားများ ဖြစ်ပေသည်။ မဟာလူသားများဟု ခေါ်ဆိုဂုဏ်ပြုအပ်သော ယနေ့ ကျောင်းနေအရွယ် တက်လူငယ်တို့သည် လူသားအရင်းအမြစ်များ၏ အညွန့်အဖူးများပင် မဟုတ်ပါလော။

လူသားအရင်းအမြစ် အညွန့်အဖူးများကို ရှင်သန်ကြီးထွားလာအောင် ပြုစုပျိုးထောင် မြေတောင်မြှောက်ပေးကြရသည်။ ဗလငါးတန် ပြည့်ဝအောင် ဖြည့်ဆည်းပေးကြရသည်။ ထိုသို့ ဖြည့်ဆည်းရာတွင် အခြေခံပညာသင်ကျောင်းများသည် အရေးကြီးသော အခန်းကဏ္ဍ၌ ပါဝင်နေပေသည်။ အကြောင်းမူကား အခြေခံပညာကျောင်းများသည် ပညာအခြေခံကောင်းများဖြစ်သည့် **"ကာယ၊ ဉာဏ၊ စာရိတ္တနှင့် ရသ၊ သက်မွေး ဘက်စုံပညာရေး"**ကို သင်ကြား လေ့ကျင့်ပေးနေသောကြောင့် ဖြစ်ပါသည်။ အတန်းလိုက် သင်ရိုးညွှန်းတမ်းများသည် **"ကာယ၊ ဉာဏ၊ စာရိတ္တနှင့် ရသ၊ သက်မွေး ဘက်စုံပညာရေး"**ကို ဦးတည်ထားခြင်းဖြစ်ပါသည်။

**အခြေခံပညာရေးအဆောက်အအုံသည် အခြေခံပညာ မူလတန်းဆင့်အုတ်မြစ်ပေါ်တွင် ဆင့်တင်ထားခြင်းဖြစ်**

ယခုအခါ အကောင်အထည်ဖော်ဆောင်ရွက်နေသော အခြေခံပညာရေး အဆောက်အအုံသည် (KG+12) သူငယ်တန်း+ ဒွါဒသမတန်း အဆောက်အအုံ ဖြစ်ပါသည်။ အခြေခံပညာရေးအဆောက်အအုံသည် အခြေခံပညာမူလတန်းဆင့်အုတ်မြစ်ပေါ်တွင် အခြေခံပညာအလယ်တန်းဆင့်နှင့် အခြေခံပညာအထက်တန်းဆင့်တို့ကို ဆင့်တင်ထားခြင်းဖြစ်ပေသည်။ အခြေခံပညာရေး၏ အုတ်မြစ်ဖြစ်သော အခြေခံပညာမူလတန်းဆင့်တွင် KG+ ပထမတန်း၊ ဒုတိယတန်း၊ တတိယတန်း၊ စတုတ္ထတန်း၊ ပဉ္စမတန်းအထိ တန်းစဉ်ငါးဆင့်၊ အခြေခံပညာအလယ်တန်းဆင့်တွင် ဆဋ္ဌမတန်း၊ သတ္တမတန်း၊ အဋ္ဌမတန်း၊ နဝမတန်းအထိ တန်းစဉ် လေးဆင့်၊ အခြေခံပညာ အထက်တန်းဆင့်တွင် ဒသမတန်း၊ ဧကာဒသမတန်း၊ ဒွါဒသမတန်းအထိ တန်းစဉ်သုံးဆင့် ရှိပါသည်။

အခြေခံပညာရေး အုတ်မြစ်ဖြစ်သော အခြေခံပညာမူလတန်းဆင့် ငါးဆင့်ပေါ်တွင် အခြေခံပညာအလယ်တန်းဆင့် လေးဆင့်၊ နောက် အခြေခံပညာအထက်တန်းဆင့် သုံးဆင့်ဖြင့် တြိဂံပုံ (၅၊ ၄၊ ၃) အဆင့် သုံးဆင့်နှင့် တည်ဆောက်ထားရာ အခြေခံပညာရေး အဆောက်အအုံသည် တောင့်တင်းခိုင်မာနေပါသည်။

အခြေခံပညာမူလတန်းဆင့်တွင် သင်ရိုးဝင်ဘာသာရပ်များဖြစ်သော မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ သိပ္ပံ၊ လူမှုရေးဘာသာရပ်များနှင့် တွဲဖက်သင်ရိုးဝင်ဘာသာရပ်များဖြစ်သော စာရိတ္တနှင့် ပြည်သူ့နီတိ၊ ဘဝတွက်တာကျွမ်းကျင်စရာ၊ ကာယပညာ၊ အနုပညာ (ဂီတနှင့်ပန်းချီ) စသည့်ဘာသာရပ်များ၊ အခြေခံပညာအလယ်တန်းဆင့်တွင် သင်ရိုးဝင်ဘာသာရပ်များဖြစ်သော မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ သိပ္ပံ၊ ပထဝီဝင်၊ သမိုင်းဘာသာရပ်နှင့် တွဲဖက်သင်ရိုးဝင်ဘာသာရပ်များဖြစ်သော စာရိတ္တနှင့် ပြည်သူ့နီတိ၊ ဘဝတွက်တာကျွမ်းကျင်စရာ၊ ကာယပညာ၊ အနုပညာ(ဂီတနှင့်ပန်းချီ) စသည့်ဘာသာရပ်များ၊ အခြေခံပညာအထက်တန်းဆင့်တွင် ဘာသာတွဲအလိုက် ယူထားသော သင်ရိုးဝင် ဘာသာရပ်များဖြစ်သည့် မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒ၊ ဘောဂဗေဒ၊ စိတ်ကြိုက်မြန်မာစာ၊ ပထဝီဝင်၊ သမိုင်း စသည့်ဘာသာရပ်များနှင့် တွဲဖက်သင်ရိုးဝင်ဘာသာရပ်များဖြစ်သော စာရိတ္တနှင့် ပြည်သူ့နီတိ၊ ဘဝတွက်တာ ကျွမ်းကျင်စရာ၊ ကာယပညာ၊ အနုပညာ( ဂီတနှင့် ပန်းချီ) စသည့် ဘာသာရပ်များကို သင်ကြားလေ့ကျင့်ပေးနေပါသည်။



နောင်ချိုမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ တက်ရောက်သည့် ကျောင်းသား ကျောင်းသူများ။ (၂၆-၇-၂၀၂၅)

**အတန်းလိုက် သင်ယူလေ့ကျင့်ခြင်းဖြင့် နယ်ပယ်အလိုက် တတ်မြောက်ကျွမ်းကျင်လာ**

အတန်းလိုက် သင်ရိုးဝင်ဘာသာရပ်များကို သင်ယူလေ့ကျင့်ခြင်းဖြင့် ဘာသာရပ် နယ်ပယ်အလိုက် တတ်မြောက်ကျွမ်းကျင်လာမည်။ အတန်းလိုက်တွဲဖက်သင်ရိုးဝင် ဘာသာရပ်များကို သင်ယူလေ့ကျင့်ခြင်းဖြင့် ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှု၊ ကြံ့ခိုင်သန်စွမ်းမှု၊ တစ်ကိုယ်ရေသန့်ရှင်းမှု၊ ဖြောင့်မတ်တည်ကြည်မှု၊ ရိုးသားဖြူစင်မှု၊ ကျင့်ဝတ်စည်းကမ်းစောင့်ထိန်းလိုက်နာမှု၊ ပူးပေါင်းဝိုင်းဝန်းဆောင်ရွက်မှု၊ ပေါင်းသင်းဆက်ဆံရေးဝင်ဆံ့မှု၊ ထောက်ထားညှာတာစာနာမှု၊ သည်းခံခွင့်လွှတ်မှု စသည့်အလေ့အကျင့်ကောင်းများကို ရရှိလာမည်။ သင်ရိုးဝင်ဘာသာရပ်များက စဉ်းစားမြော်မြင်တွေးခေါ် ဆန်းသစ်နိုင်သည့် ဉာဏ်ရည်ဖွံ့ဖြိုးထက်သန်စေသည်။ တွဲဖက်သင်ရိုးဝင်ဘာသာရပ်များက စာရိတ္တ၊ ကိုယ်ကျင့်တရားနှင့် ကိုယ်ခန္ဓာကို ကြံ့ခိုင်စေသည်။

ထိုသည်ကား ဘက်စုံပညာရေး၏ အနှစ်သာရဖြစ်ပါသည်။ အခြေခံပညာကျောင်းများက သင်ကြားလေ့ကျင့်ပေးနေသော ဘက်စုံပညာရေးသည် ဗလငါးတန်နှင့် ပြည့်စုံသည့် ကျောင်းနေအရွယ် တက်လူငယ်များကို မွေးဖွားပေးနေခြင်းပင် မဟုတ်ပါလော။

**ကျောင်းနေအရွယ်ကလေးများအားလုံး မသင်မနေရပညာရေးကို အောင်မြင်စွာဆောင်ရွက်ပေးနိုင်ခဲ့**

လက်ရှိအစိုးရလက်ထက်တွင် ဘက်စုံပညာရေးမှတစ်ဆင့် ဗလငါးတန်ပြည့်ဝသည့် တက်လူငယ်များကို မွေးဖွားပေးနိုင်ရန်အတွက် အထူးတလည် အကောင်အထည်ဖော်ကာ စီမံဆောင်ရွက်ပေးနိုင်ခဲ့သည်။ အခြေခံပညာကျောင်းများမှ သင်ကြားလေ့ကျင့်ပေးလိုက်သော ကျောင်းနေအရွယ်ကလေးများ ပညာရေးအဟောသိကံဖြစ်စေမည့်၊ သင်ယူမှုအခွင့်အလမ်း အလှမ်းဝေးစေမည့်၊ ပညာသင်ယူရန် အဟန့်အတားဖြစ်စေမည့် စသည့်စိန်ခေါ်မှုများကို ကူညီပံ့ပိုးဖြေရှင်းပေးကာ အတန်းကူးပြောင်းမှုနှုန်း မြင့်မားအောင် စီမံဆောင်ရွက်ပေးနိုင်ခဲ့သည်။ အဆက်ဆက်က မသင်မနေရ မူလတန်းပညာရေးကိုသာ အကောင်အထည်ဖော်နိုင်ခဲ့သည်။ ယခုအခါတွင် ကျောင်းနေအရွယ် ကလေးအားလုံး အခြေခံပညာအလယ်တန်းဆင့် နဝမတန်း (KG+9)အထိ မသင်မနေရ ပညာရေးကို အောင်မြင်စွာ ဆောင်ရွက်ပေးနိုင်ခဲ့သည်။ ကျောင်းနေအရွယ် တက်လူငယ်တို့၏ အနာဂတ်လမ်းချောမွေ့ဖြောင့်တန်းနေအောင် ပညာပန်းများဖြင့် လမ်းခင်းပေးနိုင်ခဲ့ခြင်းဖြစ်ပါသည်။

အခြေခံပညာအလယ်တန်းဆင့် နဝမတန်း(KG+9)အထိ မသင်မနေရပညာရေးနှင့်အတူ အခြေခံပညာအလယ်တန်းဆင့် နဝမတန်း (KG+9) ကိုပြီးမြောက်အောင်မြင်သူများသည် အခြေခံပညာ အထက်တန်းကျောင်းများသို့လည်းကောင်း၊ *စာမျက်နှာ ၁၁ သို့*

❖ **အနာဂတ်ပညာတတ်လူငယ်များ များပြားလာစေရန် ရည်ရွယ်၍ ပညာရေးဝန်ကြီးဌာန၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနတို့နှင့် တိုင်ပင်ဆွေးနွေးပြီး Polytechnic တက္ကသိုလ်များ ဖွင့်လှစ်နိုင်ရေးကို ဆောင်ရွက်ခဲ့ရာ Polytechnic တက္ကသိုလ် ရှစ်ခုအထိ ဖွင့်လှစ်ပေးနိုင်ခဲ့ပါသည်။ ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရာတွင် ဥပဒေဆိုင်ရာ၊ စီးပွားရေးဆိုင်ရာများနှင့် ပတ်သက်ပြီး သိရှိထားရန် လိုအပ်ပါသည်။ ထို့ကြောင့် တက္ကသိုလ်အားလုံးတွင် ဥပဒေပညာရပ်ဆိုင်ရာနှင့် စီးပွားရေးပညာရပ်ဆိုင်ရာ BA(Law) နှင့် BA(Eco) ဘွဲ့များ သင်ကြားနိုင်အောင် ဆောင်ရွက်ပေးခဲ့ပါသည်။ ထိုသို့ နိုင်ငံတော်အစိုးရက စီမံဆောင်ရွက်အားပေးနေခြင်းသည် မျိုးဆက်သစ်လူငယ်များ ပညာရည်မြင့်မားပြီး ပညာရည်မြင့်မားသော မျိုးဆက်သစ်လူငယ်များဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကို တည်ဆောက်လိုသောကြောင့်ဖြစ်**

## ရွှေသွေးဂျာနယ်ထွက်ရှိ

**နေပြည်တော် ဩဂုတ် ၆**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

၉- ၈- ၂၀၂၅ ရက် (စနေနေ့)တွင် **ထွက်ရှိမည့် ရွှေသွေးဂျာနယ် အတွဲ (၅၇)၊ အမှတ် (၃၂) တွင်** တွေ့ဆုံကြတုန်းခဏတွင် ချစ်ချစ်ခင်ခင်နေခြင်းသည် လောကအလှတစ်ခုကို ဖော်ဆောင်နိုင်ကြောင်း သဘောပေါက်သွားသော မြက်ပင်ရှည်အကြောင်း သရုပ်ဖော်ထားသည့် "မြက်ပင်ရှည်နှင့် မိုးစက်လေး" မျက်နှာဖုံးကာတွန်း၊ မိုးရာသီတွင် အဖြစ်များလေ့ရှိသော ရောဂါများအကြောင်း ရေးသားထားသည့် "မိုးရာသီတွင် အဖြစ်များလေ့ရှိသော ရောဂါများ" သုတဆောင်းပါးကဏ္ဍ၊ ကလေးတို့ကိုယ်တိုင်ရေးဆွဲထားသည့် ပန်းချီလက်ရာများကို တင်ဆက်ထားသည့် "ရွှေသွေးတို့လက်ရာ" ကဏ္ဍ၊ လေးခွပစ်တော်သော ဂျာရစ်အကြောင်း သရုပ်ဖော်ထားသည့် "ဂျာရစ်" နှစ်မျက်နှာ ကာတွန်း၊ ဥပုသ်နေ့တွင် မည်သည့်မကောင်းမှု အကုသိုလ်ကိုမှ မလုပ်တော့ဘူးဆိုသော ဖိုးတေနှင့် ပေသီးအကြောင်း ဖတ်ရှုရမည့် "ဖိုးတေနှင့် ပေသီး" ဝတ္ထုကဏ္ဍ၊ သန့်ရှင်းပြီး အဖိုးတန်သော လက်ဖြစ်အောင် ပြုမူနေထိုင်တော့မည်ဆိုသော မြဂျိုး အကြောင်း သရုပ်ဖော်ထားသည့် "ပန်ပန်နှင့် သန့်ရှင်းသောလက်" တစ်မျက်နှာကာတွန်း၊ သူ့ထက်ငါ မာန်တက်နေကြသော လက်ချောင်းလေးများကို အချင်းချင်း မာန်မာနမထားဘဲ စည်းလုံးစွာနေခြင်းသည် အင်အားတစ်ခုကို ဖြစ်စေကြောင်း ပြောပြနေသည့် လက်သူကြွယ်လေးအကြောင်း ရေးဖွဲ့ထားသည့် ဆရာခိုင်ချစ်အောင်၏ "မာန်" ကဗျာကဏ္ဍတို့အပါအဝင် ကဏ္ဍစုံစုံလင်လင်ဖြင့် ထွက်ရှိပြီဖြစ်ရာ တစ်စောင်လျှင် ငွေကျပ် ၄၀၀ ဖြင့် စာပေဗိမာန် စာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူနိုင်ကြောင်း သိရသည်။




သတင်းစဉ်

## စလင်းမြို့နယ်၌ မိုးစပါး ၄၇၇၁၅ ဧက စိုက်ပျိုးရန် လျာထားခဲ့ပြီး ဧက ၆၆၉၀ စိုက်ပျိုးပြီးစီး

**စလင်း ဩဂုတ် ၆**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ်၌ ၂၀၂၅ ခုနှစ် မိုးစပါးစိုက်ပျိုးရာသီတွင် ဒေသတွင်း ဆန်စပါးစားရေရိက္ခာဖူလုံစေရန် မိုးစပါး ၄၇၇၁၅ ဧကကို စိုက်ပျိုးရန် လျာထားဆောင်ရွက်ခဲ့ပြီး ဩဂုတ် ၆ ရက်အထိ မိုးစပါး ဧက ၆၆၉၀ စိုက်ပျိုးပြီးစီးကြောင်း မြို့နယ်မြေစာရင်းဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးစပါးစိုက်ပျိုးရာသီတွင် စလင်းမြို့နယ်နှင့် ပွင့်ဖြူမြို့နယ်အတွင်းရှိ အစိုးရဆည်တမံ၊ တညောင်လျှပ်စစ်မြစ်ရေတင်၊ မြေအောက်ရေ ရေစုပ်စက်၊ ဆည်ငယ်ကန်ငယ်နှင့် သဘာဝမိုးရေ မိုးကောင်းသောက်ရေရရှိရေးစနစ် စသည့်ရေရရှိရေးနည်းလမ်းများကို အသုံးပြု၍ မိုးစပါး စိုက်ပျိုးဧက ၄၇၇၁၅ ဧကကို လျာထားစိုက်ပျိုးမည်ဖြစ်ကြောင်း သိရသည်။

မောင်လွင်(စလင်း)

## ကန့်ဘလူမြို့နယ်၌ မိုးရာသီ ဆီထွက်သီးနှံမြေပဲ လျာထားဧကထက် ကျော်လွန်စိုက်ပျိုး

**ကန့်ဘလူ ဩဂုတ် ၆**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်၌ ပြည်တွင်းစားသုံးဆီဖူလုံပိုလျှံစေရေးအတွက် ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီအတွင်း မြေပဲ ၅၁၉၃၁ ဧက စိုက်ပျိုးနိုင်ခဲ့ကာ လျာထားဧကထက် ကျော်လွန်စိုက်ပျိုးနိုင်ခဲ့ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကန့်ဘလူမြို့နယ်ရှိ တောင်သူများသည် မိုးသီးနှံမြေပဲကို သီးသန့်စိုက်ခင်းများဖြင့်လည်းကောင်း၊ မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံများနှင့်ရော၍ ပင်ကြား၊ တန်းကြားသီးညှပ်စိုက်ခင်းများဖြင့်လည်းကောင်း စိုက်ပျိုးထားကြောင်း၊ မိုးသီးနှံမြေပဲကို မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများ၌ ဇူလိုင်လအတွင်း စိုက်ပျိုးပြီးစီးခဲ့ပြီး အဆိုပါ မိုးသီးနှံများ ရိတ်သိမ်းပြီးချိန်တွင် ဆောင်းသီးနှံများကို ဆက်လက်စိုက်ပျိုးမည်ဖြစ်ကြောင်း သိရသည်။

အောင်ဝင်းငြိမ်း(ကန့်ဘလူ)



## ရွှေတောင်မြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**ရွှေတောင် ဩဂုတ် ၆**

ရွှေတောင်မြို့နယ်အတွင်း ရွှေတောင်မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ယမန်နေ့တွင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။



ရွှေတောင်မြို့နယ် ပေါင်းချုပ်ကျေးရွာအုပ်စု အင်ငူကျေးရွာ၌ ၂၀၂၅ – ၂၀၂၆ ဘဏ္ဍာနှစ် တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်လျက်ရှိသည့် ကျေးရွာရေရရှိရေးလုပ်ငန်း ၄ ဒသမ ၅ PVC လက်မ ၅၄၀ တွင်းနက် စက်ရေတွင်း၊ ရေမြှုပ်ပန့်တပ်ဆင်ခြင်း၊ မီတာတပ်ဆင်ခြင်း၊ ဂါလန် ၂၄၀၀ ဆံ့ စင်မြင့်ရေစင် တည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်နေမှု၊ ရွှေတောင်မြို့နယ် ထန်းကုန်းကျေးရွာအုပ်စု ဝါးတောကျေးရွာ၌ မွေးမြူရေးလုပ်ငန်းရှင် ဦးစိုးလွင်ဦး၏ အသားတိုးဝက်ကောင်ရေ ၁၂၀ မွေးမြူထားရှိမှု၊ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်၏ ညွှန်ကြားချက်နှင့်အညီ ရွှေတောင်မြို့နယ် ဇယ်မကျေးရွာအုပ်စု စိုက်ပျိုးရေးရွာသစ်ကျေးရွာရှိ "ပညာအားမာန်" စာကြည့်တိုက်အား စံ (၅)ချက်နှင့် ကိုက်ညီမှုရှိစေရေး ပြန်လည်ပြုပြင်တည်ဆောက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ကိုကိုမင်း (ပြန်/ဆက်)

## တောင်ယာခုတ်ထွင်မီးရှို့ခြင်း၊ ရိုးပြတ်များမီးရှို့ခြင်းနှင့် တောမီးရှို့ခြင်းကြောင့် ထိခိုက်နိုင်မှုများ

တောင်ယာခုတ်ထွင်မီးရှို့ခြင်း၊ ရိုးပြတ်များ မီးရှို့ခြင်းနှင့် တောမီးရှို့ခြင်းတို့ကြောင့် အောက်ပါအချက်များ ဖြစ်ပေါ်နိုင်ပါသည်-

(က) မီးခိုးမြူငွေ့ကြောင့် လေထုညစ်ညမ်းခြင်းနှင့် ကျန်းမာရေး ထိခိုက်နိုင်ခြင်း။

(ခ) ကမ္ဘာကြီးပူနွေးလာခြင်းနှင့် ရာသီဥတုပြောင်းလဲမှု ဖြစ်ပေါ်ခြင်း။

(ဂ) မြေဆီဩဇာခန်းခြောက်ခြင်းနှင့် သီးနှံများ အထွက်နှုန်း လျော့နည်းခြင်း။

(ဃ) သစ်တောထွက်ပစ္စည်းများ ဆုံးရှုံးခြင်းနှင့် လူနေမှုဘဝကို ထိခိုက်စေနိုင်ခြင်း။

*စာမျက်နှာ ၁၀ မှ*

စက်မှုစိုက်ပျိုးရေးနှင့် မွေးမြူရေး အခြေခံပညာအထက်တန်းကျောင်းများသို့လည်းကောင်း နှစ်သက်ရာ၊ ဝါသနာပါရာ၊ စိတ်ဝင်စားရာ အခြေခံပညာ အထက်တန်းကျောင်းများသို့ စိတ်ကြိုက်ရွေးချယ်ကာ သင်ယူနိုင်သည့် အခွင့်အလမ်းများကိုလည်း လမ်းဖွင့်ပေးထားပါသည်။

လက်ရှိအစိုးရလက်ထက်တွင် စက်မှုစိုက်ပျိုးရေးနှင့် မွေးမြူရေး အခြေခံပညာ အထက်တန်းကျောင်းပေါင်း ၈၆ ကျောင်းကို ဖွင့်လှစ်ပေးခဲ့သည်။ အခြေခံပညာအထက်တန်းကျောင်းများမှ တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများသည် သက်ဆိုင်ရာ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်/သိပ္ပံ အသီးသီးသို့ တက်ရောက်ပြီး ပညာသင်ယူနိုင်သကဲ့သို့ စက်မှု၊ စိုက်ပျိုးရေးနှင့် မွေးမြူရေး အခြေခံပညာအထက်တန်း အောင်မြင်သူများသည်လည်း သက်ဆိုင်ရာတက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်/သိပ္ပံ အသီးသီးသို့ တက်ရောက်ပြီး ပညာသင်ယူနိုင်ပါသည်။

**အနာဂတ်ပညာတတ်လူငယ်များ များပြားလာစေရန် ရည်ရွယ်၍ Polytechnic တက္ကသိုလ်ရှစ်ခုအထိ ဖွင့်လှစ်ပေးနိုင်ခဲ့**

အနာဂတ်ပညာတတ်လူငယ်များ များပြားလာစေရန် ရည်ရွယ်၍ ပညာရေးဝန်ကြီးဌာန၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနတို့နှင့် တိုင်ပင်ဆွေးနွေးပြီး Polytechnic တက္ကသိုလ်များ ဖွင့်လှစ်နိုင်ရေးကို ဆောင်ရွက်ခဲ့ရာ Polytechnic တက္ကသိုလ် ရှစ်ခုအထိ ဖွင့်လှစ်ပေးနိုင်ခဲ့ပါသည်။ ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရာတွင် ဥပဒေဆိုင်ရာ၊စီးပွားရေးဆိုင်ရာများနှင့် ပတ်သက်ပြီး သိရှိထားရန် လိုအပ်ပါသည်။ ထို့ကြောင့် တက္ကသိုလ်အားလုံးတွင် ဥပဒေပညာရပ်ဆိုင်ရာနှင့် စီးပွားရေးပညာရပ်ဆိုင်ရာ BA(Law) နှင့် BA(Eco)ဘွဲ့များ သင်ကြားနိုင်အောင် ဆောင်ရွက်ပေးခဲ့ပါသည်။ ထိုသို့ နိုင်ငံတော်အစိုးရက စီမံဆောင်ရွက်အားပေးနေခြင်းသည် မျိုးဆက်သစ်လူငယ်များ ပညာရည်မြင့်မားပြီး ပညာရည်မြင့်မားသော မျိုးဆက်သစ်လူငယ်များဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကို တည်ဆောက်လိုသောကြောင့် ဖြစ်ပါသည်။

ထိုသို့ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရာတွင် အရေးအကြီးဆုံးအချက်မှာ လူသားအရင်းအမြစ်ပင်ဖြစ်သည်။ ဘက်ပေါင်းစုံသောကဏ္ဍတို့၌ ကျွမ်းကျင်သော အသိပညာရှင်၊ အတတ်ပညာရှင်များ ရှိနေမှသာလျှင် မိမိတို့နိုင်ငံသည် သူများနိုင်ငံများနည်းတူ ကမ္ဘာ့အလယ်တွင် ရင်ပေါင်တန်းနိုင်ပေလိမ့်မည်။ ဥပမာအားဖြင့် မိမိတို့မြန်မာနိုင်ငံ၏ အဓိကစီးပွားရေးဖြစ်သည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးတွင် မိရိုးဖလာနည်းအတိုင်း စိုက်ပျိုးမွေးမြူနေ၍ မဖြစ်တော့ပေ။

ခေတ်မီနည်းစနစ်များနှင့် ပေါင်းစပ်မှသာ အထွက်နှုန်း ပိုမိုကောင်းမွန်ခြင်း၊ အရည်အသွေးကောင်းသော ထွက်ကုန်များထုတ်လုပ်နိုင်ခြင်း စသည့် ရလဒ်ကောင်းများကို ရရှိနိုင်မည်ဖြစ်ပါသည်။ ဤသည်ကား ပညာ၏ အရေးပါ၊ အရာရောက်ပုံကို ဥပမာ ဆောင်ပေးခြင်းသာဖြစ်ပါသည်။ အခြားသော ဘက်ပေါင်းစုံ ကဏ္ဍစုံတို့၌လည်း ထိုသို့သာဖြစ်ပါသည်။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ဖို့ဆိုလျှင် ယခုကဲ့သို့ပင် ပညာရေးကို အစဉ်တစိုက် အားပေးဆောင်ရွက်ကြရပေမည်။ ကျောင်းနေအရွယ် တက်လူငယ်များကို ပညာပြည့်ဝနှလုံးလှသည့် လူ့စွမ်းအားအရင်းအမြစ်များ ဖြစ်ပေါ်လာအောင် သင်ကြားလေ့ကျင့်မွေးမြူပေးကြရမည်ဖြစ်ပါသည်။ လူ့စွမ်းအားအရင်းအမြစ်များဖြစ်သည့် တက်လူငယ်မောင်မယ်များ၏ စွမ်းရည်၊ စွမ်းအား၊ စွမ်းပကားက မိုးပေါ်ရောက်အောင် ပျံသန်းနိုင်သည်အထိ အစွမ်းထက်လှပါပေသည်။ ကျောင်းနေအရွယ် တက်လူငယ်မောင်မယ်များသည် နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် ဇေယျအောင်လံ ထူပေးကြမည့် လူ့စွမ်းအားအရင်းအမြစ်များ ဖြစ်ပါသည်။

ထို့ကြောင့် **"နိုင်ငံတော်ဖွံ့ဖြိုးဖို့ပညာရေးကို အားပေးစို့"**ဆိုသည့်အတိုင်း ကျရာကဏ္ဍအသီးသီးမှ တက်ညီလက်ညီဖြင့် ဝိုင်းဝန်းကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

# ၂၀၂၅ ခုနှစ် ဇူလိုင်လအတွင်း (၁၆-၇-၂၀၂၅ ရက်နေ့မှ ၃၁-၇-၂၀၂၅ ရက်နေ့အထိ) ဝန်းကျင်လေထုအရည်အသွေး လေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

မြန်မာနိုင်ငံတစ်ဝန်းရှိ ဝန်းကျင်လေထုအရည်အသွေးအခြေအနေအား လေ့လာဆန်းစစ်နိုင်ရန်အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ ပြည်နယ်များရှိ သတ်မှတ် Sampling Point နေရာများတွင် ဝန်းကျင်လေထု အရည်အသွေးကို Environmental Perimeter Air Station (EPAS) – Haz-Scanner၊ Air Quality Monitoring Station (AQM-65)၊ Scentroid (SL – 50 Scential)၊ Aeroqual (Series – 500 Portable Air Quality Monitor)၊ AQMesh (Dust Analyzer- 1941150)၊ (Gas Analyzer – 1940150)၊ Portable Beta Attenuation Mass Monitor (BAM 1022)၊ Air Quality Monitoring Station (AQMS) နှင့် Continuous Particulate Monitor များအသုံးပြု၍ Particulate Matter 2.5 ($PM_{2.5}$)၊ Particulate Matter 10 ($PM_{10}$)၊ Sulphur Dioxide ($SO_2$) ၊ Nitrogen Dioxide ($NO_2$)၊ Ozone ($O_3$) နှင့် Carbon Monoxide (CO) စသည့် အဓိက Parameter များကို ပုံမှန်တိုင်းတာပြီး လေ့လာဆန်းစစ်လျက်ရှိသည်။

<table>
<tr><th rowspan="2">စဉ်</th><th rowspan="2" colspan="2">ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ ပြည်နယ်များတွင် တိုင်းတာသည့်နေရာ</th><th colspan="6">တိုင်းတာသည့် Parameter များ</th></tr>
<tr><th>၂.၅ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ</th><th>၁၀ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ</th><th>ဆာလဖာဒိုက် အောက်ဆိုက်</th><th>နိုက်ထရိုဂျင်ဒိုင် အောက်ဆိုက်</th><th>အိုဇုန်း</th><th>ကာဗွန် မိုနောက်ဆိုက်</th></tr>
<tr><td rowspan="3">၁</td><td colspan="8">နေပြည်တော်</td></tr>
<tr><td>၁</td><td>ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်</td><td>လက်ခံနိုင်သော</td><td>ကောင်းမွန်</td><td>–</td><td>ကောင်းမွန်</td><td>–</td><td>ကောင်းမွန်</td></tr>
<tr><td>၂</td><td>ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td rowspan="5">၂</td><td colspan="8">ရန်ကုန်တိုင်းဒေသကြီး</td></tr>
<tr><td>၁</td><td>ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td>၂</td><td>သာကေတမြို့နယ်၊ ရန်ကုန်မြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td>၃</td><td>တောင်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td>၄</td><td>သန်လျင်မြို့နယ်၊ ရန်ကုန်မြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td rowspan="8">၃</td><td colspan="8">မန္တလေးတိုင်းဒေသကြီး</td></tr>
<tr><td>၁</td><td>အမရပူရမြို့နယ်၊ မန္တလေးမြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td>၂</td><td>အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td>၃</td><td>ပုသိမ်ကြီးမြို့နယ်၊ မန္တလေးမြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td>၄</td><td>ညောင်ဦးမြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td>၅</td><td>ကျောက်ဆည်မြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td>၆</td><td>ပြင်ဦးလွင်မြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td>၇</td><td>မိတ္ထီလာမြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td rowspan="3">၄</td><td colspan="8">စစ်ကိုင်းတိုင်းဒေသကြီး</td></tr>
<tr><td>၁</td><td>မုံရွာမြို့</td><td colspan="2">လက်ခံနိုင်သော</td><td colspan="4">ကောင်းမွန်</td></tr>
<tr><td>၂</td><td>စစ်ကိုင်းမြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td rowspan="3">၅</td><td colspan="8">တနင်္သာရီတိုင်းဒေသကြီး</td></tr>
<tr><td>၁</td><td>ကော့သောင်းမြို့</td><td>လက်ခံနိုင်သော</td><td>ကောင်းမွန်</td><td>–</td><td>–</td><td>–</td><td>ကောင်းမွန်</td></tr>
<tr><td>၂</td><td>ထားဝယ်မြို့</td><td>–</td><td colspan="3">ကောင်းမွန်</td><td>–</td><td>ကောင်းမွန်</td></tr>
<tr><td rowspan="2">၆</td><td colspan="8">မကွေးတိုင်းဒေသကြီး</td></tr>
<tr><td>၁</td><td>မကွေးမြို့</td><td colspan="2">ကောင်းမွန်</td><td>–</td><td colspan="3">ကောင်းမွန်</td></tr>
<tr><td rowspan="2">၇</td><td colspan="8">ဧရာဝတီတိုင်းဒေသကြီး</td></tr>
<tr><td>၁</td><td>ပုသိမ်မြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td rowspan="2">၈</td><td colspan="8">ကရင်ပြည်နယ်</td></tr>
<tr><td>၁</td><td>ဘားအံမြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td rowspan="5">၉</td><td colspan="8">မွန်ပြည်နယ်</td></tr>
<tr><td>၁</td><td>မော်လမြိုင်မြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td>၂</td><td>မုဒုံမြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td>၃</td><td>ချောင်းဆုံမြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td>၄</td><td>သထုံမြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td rowspan="5">၁၀</td><td colspan="8">ရှမ်းပြည်နယ်</td></tr>
<tr><td>၁</td><td>တောင်ကြီးမြို့</td><td>–</td><td>–</td><td colspan="2">ကောင်းမွန်</td><td>–</td><td>–</td></tr>
<tr><td>၂</td><td>ကျိုင်းတုံမြို့</td><td>ကောင်းမွန်</td><td>–</td><td>–</td><td>–</td><td>–</td><td>–</td></tr>
<tr><td>၃</td><td>တာချီလိတ်မြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td>၄</td><td>မိုင်းဆတ်မြို့</td><td>–</td><td>ကောင်းမွန်</td><td>–</td><td>ကောင်းမွန်</td><td>–</td><td>ကောင်းမွန်</td></tr>
</table>

### လေထုအရည်အသွေးညွှန်းကိန်း (Air Quality Index – AQI)

| | |
|---|---|
| 0–50 | လေထုအရည်အသွေးကောင်းမွန်သောအဆင့် |
| 51–100 | လက်ခံနိုင်သော လေထုအရည်အသွေးရှိသည့်အဆင့် |
| 101–150 | ခံနိုင်ရည်နည်းပါးသောသူများအတွက်သာ ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 151–200 | ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 201–300 | ကျန်းမာရေးကို အလွန်ထိခိုက်စေနိုင်သောအဆင့် |
| 301–500 | ကျန်းမာရေးအတွက် ဘေးအန္တရာယ်ရှိသောအဆင့် |

လေထုအပူချိန်၊ လေတိုက်နှုန်း၊ လေတိုက်ခတ်ရာလမ်းကြောင်း၊ စိုထိုင်းမှု၊ မိုးရွာသွန်းမှုအခြေအနေ၊ မော်တော်ယာဉ်အသုံးပြုမှုအခြေအနေ၊ ပူပြင်းခြောက်သွေ့မှုကြောင့် ဖုန်မှုန့်ပျံ့လွင့်မှု၊ စက်ရုံများမှ ထုတ်လွှတ်အခိုးအငွေ့များ ထုတ်လွှတ်မှုအခြေအနေနှင့် ဝန်းကျင်လေထုအရည်အသွေး တိုင်းတာသည့်နေရာအနီး ဝန်းကျင်အခြေအနေတို့အပေါ်မူတည်၍ တိုင်းတာရရှိသည့် ဝန်းကျင်လေထုအရည်အသွေးရလဒ်များသည် ပြောင်းလဲမှုရှိနိုင်ပါကြောင်း သုံးသပ်ရရှိသည်။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန**

## ဘားအံတက္ကသိုလ်၌ ဆက်သွယ်ရေးလိမ်လည်မှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေး

**ဘားအံ ဩဂုတ် ၆**

ကရင်ပြည်နယ် ဘားအံမြို့တွင် လောင်းကစားမှု၊ လိမ်လည်မှုနှင့် အင်တာနက် အွန်လိုင်းအသုံးပြု၍ ဆိုက်ဘာလုံခြုံရေးဆိုင်ရာများ သတိပြုဆင်ခြင်နိုင်စေရန် ရည်ရွယ်ကာ ဆက်သွယ်ရေးလိမ်လည်မှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲကို ယမန်နေ့က ဘားအံတက္ကသိုလ် ငုရွှေဝါခန်းမ၌ ကျင်းပသည်။

ဦးစွာ ပါမောက္ခချုပ် ဒေါ်စိုးစိုးအေးက အမှာစကားပြောကြားပြီး ဘားအံတက္ကသိုလ် ဥပဒေပညာဌာနမှ ပါမောက္ခ (ဌာနမှူး) ဒေါက်တာဘေဘီဝင်းက ဆက်သွယ်ရေးကွန်ရက်ကို အသုံးချကာ နည်းလမ်းမျိုးစုံဖြင့် သွေးဆောင်မှု၊ လိမ်လည်မှု၊ ခိုးယူမှုဖြစ်စဉ်များ၊ ဥပဒေပြဋ္ဌာန်းချက်များနှင့် ဆက်သွယ်ရေး လိမ်လည်မှု တိုက်ဖျက်ရေးဆိုင်ရာများ အကြောင်းကို အသိပညာပေး ဟောပြောခဲ့ပြီး လန်ချန်း-မဲခေါင် တရားဥပဒေစိုးမိုးရေးနှင့်လုံခြုံရေး ပူးပေါင်းဆောင်ရွက်မှု ဗဟိုဌာနမှ ပေးပို့လာသည့် ဗီဒီယို Clip နှစ်ခုကို ပြသခဲ့သည်။



အဆိုပါ အသိပညာပေး ဟောပြောပွဲသို့ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ဌာနမှူးများ၊ ပါမောက္ခများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ရုံးဌာနဝန်ထမ်းများ စုစုပေါင်း ၆၅၉ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ထားဝယ်မြို့၌ ဆက်သွယ်ရေးလိမ်လည်မှု တိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးရှင်းလင်း

**ထားဝယ် ဩဂုတ် ၆**

လန်ချန်း-မဲခေါင် တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေးပူးပေါင်းဆောင်ရွက်မှုဗဟိုဌာန(LMLECC) မှ ပေးပို့သည့်ဆက်သွယ်ရေးလိမ်လည်မှုတိုက်ဖျက်ရေးဆိုင်ရာ သိကောင်းစရာများ အသိပညာပေး ရှင်းလင်းဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းက ပြည်တွင်းအခွန်များ ဦးစီးဌာန၊ တနင်္သာရီတိုင်းဒေသကြီး အခွန်ဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် တိုင်းဒေသကြီး အခွန်ဦးစီးဌာနမှူး သူရထင်ကျော်မိုးက လန်ချန်း-မဲခေါင် တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေး ပူးပေါင်းဆောင်ရွက်မှုဗဟိုဌာန(LMLECC)မှ ပေးပို့သည့် ဆက်သွယ်ရေး လိမ်လည်မှု တိုက်ဖျက်ရေးဆိုင်ရာ သိကောင်းစရာများ၊ ပြည်တွင်းအခွန်များဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသည့် အခွန်အရပ်ရပ်ဆိုင်ရာကိစ္စရပ်များ အကြောင်း၊ ဝန်ထမ်းအယောင်ဆောင်၍ အခွန်ထမ်းပြည်သူများထံ လိမ်လည်မှုမဖြစ်ပွားစေရေး အတွက် အသိပညာပေး ရှင်းလင်းဆွေးနွေးသည်။



ဆွေးနွေးပွဲသို့ တိုင်းဒေသကြီး အခွန်ဦးစီးဌာနမှူးနှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာများ၊ အခွန်ထမ်းပြည်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ငွေဇင်ယော်(ထားဝယ်)**

# တရားမဝင်သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်များ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင်မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၆**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ဩဂုတ် ၄ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ အေးရှားဝေါလ်ဆိပ်ကမ်း၌ ကုန်သေတ္တာငါးလုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၄၆၅၀၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြဝတီမြို့ အမှတ်(၁)ရပ်ကွက် နှင်းဆီလမ်း လမ်းဘေးတစ်နေရာ၌ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၀၀၀၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ဩဂုတ် ၅ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့ ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ တရားမဝင်ရွှေသတ္တုတူးဖော်ရာတွင် အသုံးပြုသည့် Toyo Battery အလုံး ၁၅၀ အပါအဝင် ဆက်စပ်ပစ္စည်း အမျိုး ၄၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၇၈၃၀၀၀၀) ကို မြန်မာ့သတ္တုတွင်းဥပဒေအရလည်းကောင်း၊ တရားမဝင်ကျွန်းသစ် ၀ ဒသမ ၆၇၆ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၇၃၇၆၀၀)ကို သစ်တောဥပဒေအရလည်းကောင်း၊ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် တရုတ်နိုင်ငံထုတ် စားသောက်ကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၃၇၁၅၆၇၆၀၀) ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ညောင်ခါးရှည် အမြဲတမ်းစစ်ဆေးရေးစခန်း၌ ရန်ကုန်မြို့မှ မော်လမြိုင်မြို့သို့ သွားရောက်မည့် မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၁၃၁၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၁၃၁၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



မန္တလေးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။

၎င်းအပြင် နေပြည်တော်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ လယ်ဝေးခရိုင်နှင့် ဥတ္တရခရိုင်တို့အတွင်း၌ တရားမဝင် ကျွန်းသစ် ၃ ဒသမ ၀၅၇ တန်၊ သစ်မာ ၀ ဒသမ ၁၃၃ တန် စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၀၄၂၉၅ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဩဂုတ် ၅ ရက်တွင် ရတနာပုံတံတား(မန္တလေး)စစ်ဆေးရေးဂိတ်၌ မန္တလေးမြို့မှ ရွှေဘိုမြို့သို့ သွားရောက်မည့် မော်တော်ယာဉ်တစ်စီးနှင့် မန္တလေးမြို့မှ စစ်ကိုင်းမြို့သို့ သွားရောက်မည့် မော်တော်ယာဉ်တစ်စီးတို့ပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၁၉ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၄၀၅၆၄၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hyundai Porter II Pick Up တစ်စီး၊ Mitsubishi Canter Light Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၃၀၀၀၀၀၀) ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ ဩဂုတ် ၆ ရက်တွင် ပုသိမ်ကြီးမြို့နယ်၊ ပြင်ဦးလွင်မြို့နယ်နှင့် ကျောက်ဆည်မြို့နယ်တို့၌ တရားမဝင်ကျွန်းသစ် ၇၃ ဒသမ ၀၇၄ တန်၊ သစ်မာ ၄ ဒသမ ၉၅၀ တန်၊ အခြားသစ် ၈၅ ဒသမ ၂၅၉ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၄၉၀၀၇၃၇)နှင့် အဆိုပါသစ်များ တင်ဆောင်လာသည့် ထော်လာဂျီယာဉ်လေးစီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၅၀၀၀၀၀၀)ကို သစ်တောဥပဒေအရလည်းကောင်း၊ ချမ်းမြသာစည်မြို့နယ် ကျွန်းလုံးဥသျှောင်ရပ်ကွက်ရှိ နေအိမ်တစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ၂၄ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၆၆၉၃၀၀)ကို အမျိုးသားဆေးဝါးဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၆၉၇၅၆၇၇ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ဩဂုတ် ၅ ရက်တွင် ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ဖမ်းဆီးရမိမှု စာရင်းများအရ လိုင်စင်မဲ့မော်တော်ယာဉ်ကိုးစီးနှင့် လိုင်စင်မဲ့မော်တော်ဆိုင်ကယ် အစီး ၂၀ ဖမ်းဆီးရမိခဲ့ပြီး သက်ဆိုင်ရာလုပ်ထုံးလုပ်နည်း၊ဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

၂၀၂၅ ခုနှစ် ဩဂုတ် ၄ ရက်၊ ၅ ရက်နှင့် ၆ ရက်နေ့တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၄၃ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၆၄၀၂၈၅၇၂) ကို ဖမ်းဆီးရမိခဲ့သည်။ ထိုကဲ့သို့ တရားမဝင်တင်သွင်းလာမှုများကြောင့် တရားဝင်တင်သွင်းသည့် ကုန်သည်လုပ်ငန်းရှင်များအတွက် ဈေးကွက်ယှဉ်ပြိုင်နိုင်မှုစွမ်းအား ကျဆင်းခြင်းနှင့် ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်နိုင်စေပြီး နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့် အခွန်ဘဏ္ဍာ ဆုံးရှုံးနစ်နာခြင်းများ ဖြစ်ပေါ်စေနိုင်သည်။ သို့ဖြစ်ပါ၍ တရားမဝင်ကုန်စည်တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမိုတားဆီးစစ်ဆေးကြပ်မတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# သတင်းပေးတိုင်ကြားမှုများကြောင့် တရားမဝင်ကုန်စည်များနှင့် အဆိုပါကုန်စည်များ တင်ဆောင်လာသည့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၆**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ်များတွင် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့များကို ဖွဲ့စည်း၍လည်းကောင်း၊ အကောက်ခွန်ဦးစီးဌာနက ဦးဆောင်သည့် One Stop Service ဌာနဆိုင်ရာအဖွဲ့များ ဖွဲ့စည်း၍လည်းကောင်း၊ နယ်စပ်ဝင်/ထွက်ဂိတ်များ၊ နယ်စပ်ကုန်သွယ်ရေးရုံးနှင့် စခန်းများ၊ အမြဲတမ်းစစ်ဆေးရေးစခန်းများ၊ ကုန်သွယ်မှုလမ်းကြောင်းတစ်လျှောက်နှင့် ကုန်ပစ္စည်း သိုလှောင်ရုံများ၊ အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းများနှင့် လေဆိပ်များ၊ ကမ်းရိုးတန်းဆိပ်ကမ်းများတွင် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးလုပ်ငန်းများကို ထိရောက်စွာဆောင်ရွက်လျက်ရှိရာ သတင်းအချက်အလက်ရရှိမှုသည် အလွန်အရေးပါလျက်ရှိသည်။

တာဝန်သိ ပြည်သူများ၏ သတင်းပေးတိုင်ကြားမှုများကြောင့် ၂၀၂၅ ခုနှစ် ဇူလိုင်လအတွင်း သတင်းရရှိမှု ၄၆ ကြိမ် ရရှိခဲ့ပြီး သတင်းမှားလေးကြိမ်၊ နောက်ကျသတင်းနှစ်ကြိမ်နှင့် ဖမ်းဆီးရမိမှုသတင်းမှန် အကြိမ် ၄၀ ဖြစ်ပြီး သတင်းရရှိမှုကြောင့် ဖမ်းဆီးရမိအမှုတွဲ ၈၅ မှု ဖွင့်လှစ်ထားပြီး ဖမ်းဆီးရမိမှုများတွင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများနှင့် စားသောက်ကုန်ပစ္စည်းများဖြစ်သော ကုန်ပစ္စည်း အမျိုး ၅၀ အပါအဝင် ဖမ်းဆီးရမိမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၉၄ ဒသမ ၀၁၈ သန်းနှင့် တရားမဝင်ကုန်စည်များ တင်ဆောင်လာသည့် မော်တော်ယာဉ်များ အပါအဝင် လိုင်စင်မဲ့မော်တော်ယာဉ်များနှင့် လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များ ဖမ်းဆီးရမိခဲ့သည်။

ဇူလိုင်လအတွင်း သတင်းပေးတိုင်ကြားခဲ့သည့် တာဝန်သိပြည်သူများကိုလည်း ဖမ်းဆီးရမိမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၉၄ ဒသမ ၀၁၈ သန်း၏ ၂၀ ရာခိုင်နှုန်းဖြစ်သော ငွေကျပ် ၅၁၈ ဒသမ ၈၀၄ သန်းကို သတင်းပေးဆုကြေးငွေအဖြစ် ချီးမြှင့်ပေးသွားမည်ဖြစ်ပြီး သက်ဆိုင်ရာဌာနများမှ မြန်မြန်ဆန်ဆန် ဆုချီးမြှင့်နိုင်ရေး ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ကြောင့် တာဝန်သိပြည်သူများအနေဖြင့် တရားမဝင်ကုန်သွယ်မှုသတင်းများနှင့် ပတ်သက်၍ လက်ကိုင်ဖုန်း - ၀၉၄၀၄၃၃၉၉၆၉၊ အော်တိုတယ်လီဖုန်းနံပါတ်-၀၆၇-၄၀၉၈၈၃ နှင့် အီးမေးလ် antiillegaltradeinfo@gmail.com သို့ သတင်းပေးပို့ တိုင်ကြားနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**



၂၀၂၅ ခုနှစ် ဇူလိုင်လအတွင်း ဖမ်းဆီးရမိမှု။



# နေပြည်တော်၊ ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ တရားမဝင်သစ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၆**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့်သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးကို ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ် (Community Monitoring and Reporting System-CMRS) အပါအဝင်နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၂၈ ရက်မှ ဩဂုတ် ၃ ရက်အထိ နေပြည်တော်၊ပြည်နယ်နှင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာနများမှ ပေးပို့လာသော စာရင်းများအရ တရားမဝင်ကျွန်း ၅၀ ဒသမ ၂၆၄၂ တန်၊ သစ်မာ ၁၂ ဒသမ ၈၇၂၄ တန်၊ အခြား ၃၄ ဒသမ ၉၇၈၂ တန် စုစုပေါင်း ၉၈ ဒသမ ၁၁၄၈ တန်၊ ယာဉ်/ယန္တရားရှစ်စီး၊ တရားခံ ၁၂ ဦး ဖမ်းဆီးရမိခဲ့ကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။

**သတင်းစဉ်**

❑ မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်း အသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

# လာအိုနိုင်ငံ၌ လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေးမှုများ မြှင့်တင်

**ဗီယင်ကျန်း ဩဂုတ် ၆**

လာအိုနိုင်ငံသည် အထူးသဖြင့် ထိခိုက်လွယ်သော အုပ်စုများကြားတွင် လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေးမှုများကို မြှင့်တင်ခဲ့သည်။

လူကုန်ကူးမှုတိုက်ဖျက်ရေး ပူးပေါင်းဆောင်ရွက်မှုအားကောင်းလာစေရန်နှင့် တရားဝင်အလုပ်အကိုင်ရရှိစေရန် ရည်ရွယ်၍ လာအိုနိုင်ငံ အလုပ်သမားနှင့်လူမှုဝန်ထမ်း ဝန်ကြီးဌာနသည် ကမ္ဘာ့လူကုန်ကူးမှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်လှုပ်ရှားမှုကို ဩဂုတ် ၅ ရက်တွင် ပြုလုပ်ခဲ့သည်။

လူကုန်ကူးမှုအန္တရာယ်၊ လူ့အခွင့်အရေးကို ချိုးဖောက်သည့် ကြီးလေးသော ရာဇဝတ်မှုအန္တရာယ်၊ ကျူးလွန်ခံရသူများအပေါ် ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ ထိခိုက်နစ်နာစေနိုင်သည့် အန္တရာယ်များနှင့် ပတ်သက်၍ ပြည်သူများကို အသိပညာပေးရန် ရည်ရွယ်၍ အဆိုပါလှုပ်ရှားမှုကို ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

ထို့ပြင် လူကုန်ကူးမှုသည် နစ်နာသူ မိသားစုများသာမက လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတော်လုံခြုံရေးတို့ကိုလည်း ထိခိုက်ပျက်ပြားစေသည်။

လူကုန်ကူးမှုပပျောက်ရေးအတွက် ပြည်သူများအကြား အသိပညာပေးခြင်းနှင့် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရန်ရည်ရွယ်၍ ကမ္ဘာ့လူကုန်ကူးမှု တိုက်ဖျက်ရေးနေ့ကို လာအိုနိုင်ငံ၌ နှစ်စဉ် ဇူလိုင် ၃၀ ရက်တွင် ကျင်းပလေ့ရှိသည်။



လာအိုနိုင်ငံ၌ ၂၀၂၅ အပြည်ပြည်ဆိုင်ရာ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားကျင်းပစဉ်။

**ဆင်ဟွာ**



# ယခုနှစ် ခုနစ်လအတွင်း အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်းသို့ နိုင်ငံတကာခရီးသွား လေးသန်းကျော် ဝင်ရောက်

**ဂျကာတာ ဩဂုတ် ၆**

အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်းသို့ ယခုနှစ်ဇန်နဝါရီလမှ ဇူလိုင်လအတွင်း နိုင်ငံခြားခရီးသွား လေးသန်းကျော် ဝင်ရောက်ခဲ့သည်ဟု ဘာလီခရိုင်ခရီးသွားရုံး အကြီးအကဲဖြစ်သူ အိုင်ဝေရန်ဆူမာရာဂျာရာက ဩဂုတ် ၅ ရက်တွင်ပြောသည်။

ယမန်နှစ် ဇန်နဝါရီလမှ ဇူလိုင်လအတွင်း ဘာလီသို့နိုင်ငံခြားခရီးသွားဝင်ရောက်မှုမှာ ၃ ဒသမ ၈၉ သန်းရှိသည်ဟု ၎င်းကဆက်လက်ပြောသည်။ ယခုနှစ် ပထမခုနစ်လအတွင်း ဘာလီသို့လာရောက်သည့် ပြည်တွင်းခရီးသွားဦးရေမှာ ငါးသန်းရှိသည်ဟု ၎င်းကပြောသည်။ ယခုနှစ်ဘာလီသို့ လာရောက်လည်ပတ်သူ စုစုပေါင်းအရေအတွက်သည် ယမန်နှစ်က လာရောက်သူ ခရီးသွားဦးရေထက် ကျော်လွန်မည်ဟုလည်း ၎င်းက ခန့်မှန်းထားသည်။ ယမန်နှစ်က ဘာလီသို့လာရောက်သူစုစုပေါင်းမှာ ၆ ဒသမ ၄ သန်းကျော်ရှိသည်။ ဘာလီကျွန်း၏ များပြားသည့် ယဉ်ကျေးမှုနှင့်သဘာဝအလှတရားများသည် ကမ္ဘာလှည့်ခရီးသည်များအတွက် အဓိကဆွဲဆောင်မှုတစ်ရပ်အဖြစ် ဆက်လက်တည်ရှိနေကြောင်း ၎င်းက ပြောကြားသည်။

**ဆင်ဟွာ**

# အီးယူက အမေရိကန်သွင်းကုန်များအပေါ် ယူရို ၉၃ ဘီလီယံ အခွန်စည်းကြပ်မည့်အစီအစဉ် ဆိုင်းငံ့

**ဘရပ်ဆဲလ် ဩဂုတ် ၆**

ယူရို ၉၃ ဘီလီယံတန်ဖိုးရှိ အမေရိကန်သွင်းကုန်ပစ္စည်းများအပေါ် တန်ပြန်အခွန်စည်းကြပ်မည့်အစီအစဉ်ကို ဩဂုတ် ၅ ရက်တွင် ဥရောပကော်မရှင်က တရားဝင်ဆိုင်းငံ့လိုက်သည်ဟု သိရသည်။

အဆိုပါဆုံးဖြတ်ချက်သည် အရေးပေါ်လုပ်ငန်းစဉ်တစ်ခုအောက်တွင် ချမှတ်ထားခြင်းဖြစ်ပြီး နှစ်ပတ်အတွင်း အဖွဲ့ဝင်နိုင်ငံအများစု၏ တရားဝင်ထောက်ခံမှုလိုအပ်သည်ဟု ဥရောပကော်မရှင်၏ ကုန်သွယ်ရေးပြောရေးဆိုခွင့်ရှိသူ အိုလော့ဖ်ဂေးလ်က ပြောသည်။ ဥရောပကော်မရှင်၏ တန်ပြန်အခွန်စည်းကြပ်မှုကို မူလက ဩဂုတ် ၇ ရက်တွင် စတင်ကျင့်သုံးရန် စီစဉ်ခဲ့သည်။

ဥရောပသမဂ္ဂ၏ တန်ပြန်ဆောင်ရွက်မှုများကိုရပ်ဆိုင်းရန် လိုအပ်သည့်တရားဝင်လုပ်ငန်းစဉ်များကို ဥရောပကော်မရှင်က ဩဂုတ် ၅ ရက်တွင်ချမှတ်ခဲ့သည်ဟု အိုလော့ဖ်က ဘရပ်ဆဲလ်မြို့တွင် ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲ၌ ပြောသည်။ ယခုကြေညာချက်မတိုင်မီ ပြင်သစ်နှင့် ဂျာမနီနိုင်ငံတို့အပါအဝင် အဓိကအဖွဲ့ဝင်နိုင်ငံများ၏ ဝေဖန်မှုများတိုးလာခဲ့သည်။ ဂျာမနီနိုင်ငံ၏ ဒုတိယဝန်ကြီးချုပ်နှင့် ဘဏ္ဍာရေးဝန်ကြီး လာစ်ခလင်ဘာ့က အမေရိကန်နှင့် ကုန်သွယ်မှုဆွေးနွေးပွဲအတွင်း ဥရောပသမဂ္ဂ၏ အားနည်းသော စေ့စပ်ညှိနှိုင်းရေး ရပ်တည်ချက်အတွက် စိတ်ပျက်မိကြောင်း ဖော်ပြခဲ့သည်။

သဘောတူညီချက်အရ ဥရောပသမဂ္ဂမှ အမေရိကန်သို့ တင်သွင်းမှုအများစုသည် အကောက်ခွန် ၁၅ ရာခိုင်နှုန်းနှင့် ရင်ဆိုင်ရမည်ဖြစ်ပြီး ဥရောပသမဂ္ဂအဖွဲ့ကြီးသည် အမေရိကန်မှ စွမ်းအင်ထုတ်ကုန်များကို ပိုမိုဝယ်ယူရမည်ဖြစ်ကာ အမေရိကန်စျေးကွက်တွင် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုလုပ်ဆောင်ရမည်ဟု ကတိပြုထားသည်။

ဆိုင်းငံ့မှုသည် ခြောက်လကြာမည်ဖြစ်ပြီး ထိုကာလအတွင်း ပိုမိုကျယ်ပြန့်သော နားလည်မှုကို ဆက်လက်အကောင်အထည်ဖော် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ပြောရေးဆိုခွင့်ရှိသူက ပြောသည်။ **ဆင်ဟွာ**

# ၂၀၂၄ - ၂၀၂၅ ဘဏ္ဍာနှစ်အတွင်း အီသီယိုးပီးယားလေကြောင်းလိုင်း ဝင်ငွေ အမေရိကန်ဒေါ်လာ ၇ ဒသမ ၆ ဘီလီယံရရှိ

**အဒစ္စအဘာဘာ ဩဂုတ် ၆**

အီသီယိုးပီးယား လေကြောင်းလိုင်းက ၂၀၂၄-၂၀၂၅ အီသီယိုးပီးယား ဘဏ္ဍာနှစ်အတွင်း ဝင်ငွေအမေရိကန်ဒေါ်လာ ၇ ဒသမ ၆ ဘီလီယံ ရရှိခဲ့သည်ဟု ဩဂုတ် ၅ ရက်တွင် ထုတ်ပြန်ကြေညာခဲ့သည်။




အီသီယိုးပီးယား နိုင်ငံ၏ မြို့တော် အဒစ္စအဘာဘာ၌ ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် အီသီယိုးပီးယားလေကြောင်းလိုင်းအဖွဲ့ အမှုဆောင်အရာရှိချုပ် မက်စ်ဖင်းတာဆူးက အဆိုပါဝင်ငွေပမာဏသည် ယခင်ဘဏ္ဍာနှစ်နှင့်နှိုင်းယှဉ်ပါက ၈ ရာခိုင်နှုန်း မြင့်တက်လာကြောင်း ပြောသည်။

အဆိုပါဝင်ငွေသည် ခရီးသည် ၁၉ ဒသမ ၁ သန်းကို သယ်ယူပို့ဆောင်ပေးခြင်းမှ ရရှိသည့်ဝင်ငွေများဖြစ်ကြောင်း၊ ခရီးသည် ၁၉ ဒသမ ၁ သန်းအနက် ၁၅ ဒသမ ၂ သန်းမှာ နိုင်ငံတကာခရီးသည်များဖြစ်ပြီး ၃ ဒသမ ၉ သန်းမှာ ပြည်တွင်းခရီးသည်များဖြစ်ကြောင်း သိရသည်။ ထို့အပြင် ကုန်စည်တန်ချိန် ၇၈၅၀၀၀ ခန့်ကိုလည်း သယ်ယူပို့ဆောင်ပေးနိုင်ခဲ့ကြောင်း သိရသည်။

အီသီယိုးပီးယားလေကြောင်းလိုင်းသည် ပိုမိုများပြားလာသော ခရီးသည်များ၏ လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေးအတွက် ၂၀၂၆ ခုနှစ်တွင် လေယာဉ်အစင်း ၂၀ ထပ်မံဖြည့်တင်းသွားရန် စီစဉ်နေကြောင်း အီသီယိုးပီးယားလေကြောင်းလိုင်း အမှုဆောင်အရာရှိချုပ် မက်စ်ဖင်းတာဆူးက ပြောသည်။ **ဆင်ဟွာ**



# ကမ္ဘောဒီးယားနိုင်ငံ၌ ယခုနှစ်အတွင်း ကြက်ငှက်တုပ်ကွေးကူးစက်ခံရသူ ၁၅ ဦးရှိလာ

**ဖနောင်ပင် ဩဂုတ် ၆**

ကမ္ဘောဒီးယားနိုင်ငံတောင်ပိုင်း တာကီအိုပြည်နယ်ရှိ အသက်ခြောက်နှစ်အရွယ် မိန်းကလေးငယ်တစ်ဦး၌ H5N1 ကြက်ငှက်တုပ်ကွေး ကူးစက်ခံထားရကြောင်း၊ ၎င်းသည် ယခုနှစ်အတွင်းကူးစက်ခံရသည့် ၁၅ ဦးမြောက်လူနာဖြစ်လာကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဩဂုတ် ၆ ရက်တွင် သတင်းထုတ်ပြန်သည်။

အမျိုးသားကျန်းမာရေးဌာန၏ ဩဂုတ် ၅ ရက် ဓာတ်ခွဲခန်း ရလဒ်အရ အဆိုပါမိန်းကလေးငယ်တွင် H5N1 ဗိုင်းရပ်စ်ကူးစက်ခံထားရသည်ဟု သိရသည်။ လူနာမှာ ဖျားနာခြင်း၊ ချောင်းဆိုးခြင်း၊ မောပန်းနွမ်းနယ်ခြင်းနှင့် အသက်ရှူရခက်ခဲခြင်း စသည့် လက္ခဏာများခံစားရပြီး ၎င်းကို ဆေးအဖွဲ့တစ်ဖွဲ့ဖြင့် ကုသမှုပေးထားကြောင်း သိရသည်။

စုံစမ်းစစ်ဆေးမှုများအရ လွန်ခဲ့သည့် ရက် ၂၀ အတွင်း အဆိုပါမိန်းကလေးနေအိမ်ရှိ ကြက်အကောင်ရေ ၃၀ ခန့်မှာ ကြက်နာကျကာ သေဆုံးသွားခဲ့ကြောင်း၊ ၎င်း၏မိခင်က အဆိုပါကြက်များကို ဟင်းလျာအဖြစ် ချက်ကျွေးခဲ့ကြောင်း ကြေညာချက်တွင်ဖော်ပြထားသည်။ ကျန်းမာရေးအာဏာပိုင်များက ရောဂါကူးစက်မှု၏ အရင်းအမြစ်ကိုရှာဖွေနေပြီး ရပ်ရွာအတွင်း ကူးစက်ပျံ့နှံ့မှုကိုတားဆီးရန် ရောဂါကူးစက်ခံရသူနှင့် ထိတွေ့မှုရှိသူများကို စစ်ဆေးလျက်ရှိသည်ဟု သိရသည်။

**ဆင်ဟွာ**

## ပျဉ်းမနားမြို့နယ်အတွင်း စိုက်ပျိုးရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းစစ်ဆေး



**နေပြည်တော် ဩဂုတ် ၆**

နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီး ရဲမိုးသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက ပျဉ်းမနားမြို့နယ်အတွင်းရှိ စိုက်ပျိုးရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းစစ်ဆေး ကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့နောက် ပေါစံခေါကျေးရွာရှိ တောင်သူများနှင့်တွေ့ဆုံ၍ မိုးစပါးစိုက်ခင်းများအတွင်း ရေစီးရေလာကောင်းမွန်စေရေးအတွက် ရေနုတ်မြောင်းများ စနစ်တကျ တူးဖော်ဆောင်ရွက်ထားရှိရေး၊ တစ်နှစ်သုံးသီး စိုက်ပျိုးပြီး သီးထပ်စွမ်းအား မြှင့်တင်နိုင်ရေး၊ သဘာဝမြေဆွေးများပြုလုပ်ပြီး လယ်ယာမြေများအတွင်း ထည့်သွင်းအသုံးပြု စိုက်ပျိုးနိုင်ရေး၊ မိုးစပါးစိုက်ကွင်းများတွင် ပေါင်းမြက်များ အချိန်မီရှင်းလင်းနိုင်ရေးတို့ကို စနစ်တကျ ဆောင်ရွက်ရန် မှာကြားကာ သစ်စိမ့်ပင်ကျေးရွာရှိ တောင်သူများ၏ ပေါ်ဆန်းမွှေးစပါးမျိုး ပျိုးနုတ်နေမှုအခြေအနေများကို ကြည့်ရှုပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးခဲ့သည်။

ထို့နောက် နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးရဲမိုးနှင့် တာဝန်ရှိသူများသည် ညောင်ပင်သာကျေးရွာရှိ ရွှေသီးနှံပွဲရုံနှင့် ဆန်စက်သို့ရောက်ရှိပြီး စပါးနှင့် ပြောင်းများ အခြောက်ခံထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး အလေအလွင့်နည်းပါးစွာ ထုတ်လုပ်သိမ်းဆည်းနိုင်ရေး၊ ဈေးကွက်သို့တင်ပို့နိုင်ရေး၊ စက်ရုံစွမ်းအားပြည့် လည်ပတ်အသုံးချနိုင်ရေးနှင့် စိုက်ပျိုးတောင်သူများ၊ အသေးစားစက်မှုလက်မှုလုပ်ငန်းရှင်များနှင့်ပူးပေါင်း၍ သီးနှံ အခြောက်ခံခြင်း၊ သိုလှောင်ခြင်း၊ နည်းစနစ်များကို ကျယ်ကျယ်ပြန့်ပြန့် ပညာပေး၍ ဈေးကွက်ရရှိအောင် ဆောင်ရွက်သွားရန် ပြောကြားခဲ့သည်။ **မျိုးသီဟ(ပြန်/ဆက်)**

## ညောင်ဦးမြို့ ရွှေစည်းခုံစေတီတော်မြတ်ကြီး လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူပြီးမြောက်ရာမှ ထွက်ရှိလာသည့် ရွှေမိုက်များထုတ်လုပ်ခြင်းလုပ်ငန်းအား ကြည့်ရှုစစ်ဆေး

**ညောင်ဦး ဩဂုတ် ၆**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့ အနော်ရထာမင်းကြီးနှင့် ကျန်စစ်သားမင်းကြီးတို့ တည်ထားကိုးကွယ်ခဲ့သည့် ရွှေစည်းခုံစေတီတော်ကြီး လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူပြီးမြောက်ရာမှ ထွက်ရှိလာသည့် ရွှေမိုက်များ မီးဖုတ်ရွှေမိုက်ထုတ်ရန် မီးဖုတ်ထုတ်ယူနေသည့် လုပ်ငန်းသို့ ဩဂုတ် ၆ ရက် နံနက် ၁၀ နာရီက ညောင်ဦးခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။



ရွှေစည်းခုံ စေတီတော်မြတ်ကြီး လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ရာ ရွှေသင်္ကန်းကပ်လှူ၍ ရရှိလာသော ရွှေလှောင်လိပ် ၂၄၁၆၅ လိပ်၊ ဝါဂွမ်း၊ ကြောင်ချေး၊ စေတီတော်ကြီးအား ရွှေမိုက်ထုတ်စဉ်က ပါဝင်ခြင်းမရှိသော ခန္ဓာဆက်နတ်ရုပ်တုနှင့် စေတီတော်ကြီး ထောင့်လေးထောင့်ရှိ မြေအောက်သဲစုကန်များရှိ သဲများထဲမှ ရွှေမိုက်ထုတ်ယူခြင်းတို့အား ရွှေမိုက်ပစ္စည်းများ မီးဖုတ်ခြင်း လုပ်ငန်းဆောင်ရွက်လျက်ရှိသည့် ရွှေစည်းခုံစေတီတော်ဝင်းအတွင်းသို့ ညောင်ဦးခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်မင်းညိုနှင့် အဖွဲ့ဝင်များ၊ ခရိုင်အဆင့် ဌာနဆိုင်ရာများ၊ ညောင်ဦးမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဦးဝင်းလှိုင်တင့်နှင့် အဖွဲ့ဝင်များက ကွင်းဆင်းကြည့်ရှုပြီး ရွှေစည်းခုံဘုရားဂေါပကဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရွှေပညာရှင်များက သိရှိလိုသည်များကို ရှင်းလင်းပြောကြားသည်။

**ဒီပါလင်း**

## ရေနံချောင်းမြို့၌ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုအခမ်းအနားကျင်းပ

**ရေနံချောင်း ဩဂုတ် ၆**

ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် စာပေလေ့လာဖတ်ရှုခြင်းမှရရှိသော အသိပညာ ဗဟုသုတများကို ပြန်လည်အသုံးချ မျှဝေနိုင်စေရန် ရည်ရွယ်၍ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူးကျင်းပသည့် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု အခမ်းအနားကို ယနေ့ နံနက်ပိုင်းက ရေနံချောင်းမြို့ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း နဝဒေးခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် ရေနံချောင်းမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက "မြန်မာ့ကျောင်း" သီချင်းဖြင့် သီဆိုဖွင့်လှစ်ပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးအောင်ဇင်ဦးက အမှာစကား ပြောကြားသည်။

ဆက်လက်၍ အမြဲမပြတ် လေ့လာသင်ယူရေး (Never Stop Learning Talk Show) စကားဝိုင်းတွင် ပါဝင်ဆွေးနွေးခဲ့ကြသည့် ကျောင်းသား ကျောင်းသူများနှင့် အထက်တန်းအဆင့် ကျပန်းစကားပြောပြိုင်ပွဲတွင် ဆုရရှိသည့် ကျောင်းသား ကျောင်းသူများအား မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆု၊ ဂုဏ်ပြုလက်ဆောင်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာသည့် တာဝန်ရှိသူများက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် လှုပသာယာပြည်မြန်မာ ရောင်စုံဓာတ်ပုံပြခန်းနှင့် သုတ/ရသ စာအုပ်စာစောင်များကို လှည့်လည်ကြည့်ရှုအားပေးသည်။

**မြို့နယ်(ပြန်/ဆက်)**

## ကျေးသီးမြို့ အခြေခံပညာမူလတန်းကျောင်း(မြို့မ)၌ အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ အကြိုဟောပြော

**ကျေးသီး ဩဂုတ် ၆**

ရှမ်းပြည်နယ်(တောင်ပိုင်း) ကျေးသီးမြို့နယ် အခြေခံပညာမူလတန်းကျောင်း(မြို့မ)၌ အပြည်ပြည်ဆိုင်ရာလူငယ်များနေ့(အကြို) ဟောပြောပွဲနှင့် နံရံကပ်စာစောင်၊ ဓာတ်ပုံများပြသခြင်းကို ယနေ့နံနက်ပိုင်းက ဆောင်ရွက်ခဲ့သည်။

ဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ (တာဝန်ပေး) ဒေါ်စန်းစန်းယဉ်က အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ ဖြစ်ပေါ်လာပုံ၊ လူငယ်များအတွက် ဖွံ့ဖြိုးတိုးတက်မှုအခွင့်အလမ်းများ၊ ကလေးသူငယ်စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးဆိုင်ရာ ဗဟုသုတများ၊ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ သိကောင်းစရာများ စသည်တို့ကို ကွင်းဆင်းဟောပြောသည်။

ထို့နောက် ဟောပြောပွဲသို့ တက်ရောက်လာသော ကျောင်းသား



ကျောင်းသူများက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပြသထားသော နံရံကပ်စာစောင်၊ ဓာတ်ပုံများကို ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

**စိုင်းငင်း(ပြန်/ဆက်)**

## တိုက်ကြီးမြို့နယ်၌ ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှု အာဟာရအုပ်စု သုံးစု ချက်ပြုတ်နည်း ခရိုင်အဆင့်ပြိုင်ပွဲကျင်းပ

**တိုက်ကြီး ဩဂုတ် ၆**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှု အာဟာရချက်ပြုတ် သရုပ်ပြပြိုင်ပွဲကို ယနေ့နံနက် ၉ နာရီခွဲက အခြေခံပညာအထက်တန်းကျောင်း (မြို့မ)၌ ကျင်းပသည်။

ဦးစွာ ဒုတိယခရိုင်ကုသရေးဦးစီးဌာနမှူး ဒေါက်တာမင်းသိန်းက ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှု အာဟာရအုပ်စု သုံးစု ချက်ပြုတ်နည်းပြိုင်ပွဲကို ကျင်းပရခြင်းနှင့် အမှတ်ပေးစည်းမျဉ်းများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အထက(မြို့မ)၊ အထက(တာခွ)၊ အထက(ခွဲ)(ဂျိုးဖြူစံပြ)၊ အထက(ခွဲ)မြို့မ (၃)တို့မှ အထက်တန်းအဆင့် ကျောင်းသားကျောင်းသူများက အာဟာရအုပ်စု သုံးစုပါဝင်သော အစားအစာများကို သရုပ်ပြချက်ပြုတ်ကြရာ အကဲဖြတ်ဒိုင်များဖြစ်သည့် ခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်မှုအဖွဲ့ ဥက္ကဋ္ဌ ဒေါ်နန်းတင်စန်းရှိန်နှင့် ဒိုင်အဖွဲ့ဝင်များက ပြိုင်ပွဲဝင်အဖွဲ့ လေးဖွဲ့၏ ချက်ပြုတ်ထားသည့် ဟင်းလျာများကို အကဲဖြတ်အမှတ်ပေးကြသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ချီးမြှင့်သည့် ယှဉ်ပြိုင်ဆုနှင့် ဂုဏ်ပြုဆုငွေများကို ပထမဆုရရှိသည့် အထက(တာခွ)နှင့် အထူးဆုရရှိသည့်ကျောင်းများကို ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသူအောင်နှင့် အဖွဲ့ဝင်များ၊ ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးခင်မောင်စိုးနှင့် ဒုတိယခရိုင်ကုသရေးဦးစီးဌာနမှူးတို့က ဆုများ အသီးသီးချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ဝတ်ရည်(ပြန်/ဆက်)**



### မော်တော်ယာဉ်မောင်းနှင်သူများလောင်စာဆီထည့်ရာတွင် လိုက်နာရမည့်အချက်များ (နည်းဥပဒေ ၃၁၂)

မော်တော်ယာဉ်များ လောင်စာဆီထည့်နေစဉ် အောက်ပါတို့ကို လိုက်နာရမည်-

(က) မီးပိတ်၍ စက်သတ်ထားရမည်။

(ခ) မည်သူမျှ ဆေးလိပ်မသောက်ရ။

(ဂ) မည်သူမျှ လက်ကိုင်ဖုန်း အသုံးမပြုရ။

(ဃ) မော်တော်ယာဉ်ပေါ်တွင် ပါရှိသူများ အသက်ကယ်ထိုင်ခုံခါးပတ်ဖြုတ်ထားရမည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

## မိုင်းလားမြို့နယ်၌ မီးခိုးမြူငွေ့နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြော



**မိုင်းလား ဩဂုတ် ၆**

မိုင်းလားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ မီးခိုးမြူငွေ့နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာ၊ ဗဟုသုတများရရှိစေရန် ရည်ရွယ်၍ ကျင်းပသည့် အသိပညာပေးဟောပြောပွဲကို ယနေ့နံနက်ပိုင်းက ဝမ်ရှဲန်ကျေးရွာ၌ ပြုလုပ်သည်။

ဦးစွာ မိုင်းလားခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တခရိုင်ဦးစီးမှူး ဒေါ်အေးဆုမွန်က ပတ်ဝန်းကျင်ထိန်းသိမ်းရေး အကြောင်းသိကောင်းစရာ ခေါင်းစဉ်ဖြင့် ဆွေးနွေးပြီး မီးခိုးမြူငွေ့လျှော့ချခြင်း၊ စနစ်တကျအမှိုက်စွန့်ပစ်ခြင်း၊ ပတ်ဝန်းကျင်လေထုညစ်ညမ်းမှု၊ အိမ်တွင်း ညစ်ညမ်းမှုများကြောင့် ဖြစ်ပေါ်လာနိုင်သည့် ကူးစက်ရောဂါ အမျိုးမျိုးနှင့် ကြိုတင်ကာကွယ်ခြင်း နည်းလမ်းများ ဆောင်ရန် ရှောင်ရန် စသည့် အသိပညာ ဗဟုသုတများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူး ဦးသက်ညီညီက ပလတ်စတစ်အိတ်သုံးစွဲမှု လျှော့ချခြင်း၏ အကျိုးကျေးဇူးများ၊ အမှိုက်အမျိုးအစားများနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာများကို ဟောပြောဆွေးနွေးခဲ့ပြီး တက်ရောက်လာသည့် ရပ်မိရပ်ဖများ၊ ကျေးရွာသူကျေးရွာသားများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားသည်။

**မောင်နိုင်**

## ပန်းတောင်းမြို့နယ်၌ ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေး

**ပန်းတောင်း ဩဂုတ် ၆**

ပန်းတောင်းမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိဒေါ်သင်းသင်းအေးနှင့် ဝန်ထမ်းများက ယမန်နေ့က အ.မ.က (လွှန်) သူရဲဇီးကျောင်းနှင့် အ.မ.က သရက်လိန်ကျောင်းများသို့ ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲများ ပြုလုပ်သည်။



အဆိုပါ ဟောပြောပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိက ကလေးအလုပ်သမားပပျောက်ရေးအတွက် ကလေးသူငယ်များ ဗဟုသုတရရှိစေရန် ကလေးအလုပ်သမား၏ အဓိပ္ပာယ်ဖွင့်ဆိုချက်၊ အလုပ်လုပ်ကိုင်နိုင်သော အနိမ့်ဆုံးအသက်အရွယ်၊ ပြစ်မှုပြစ်ဒဏ်များနှင့် ဆက်သွယ်တိုင်တန်းနိုင်သော ဖုန်းနံပါတ်များ စသည့် အကြောင်းအရာများကို ရှင်းလင်းဟောပြောသည်။

ထို့နောက် ကလေးသူငယ်များကို ဗဟုသုတရဖွယ်ပုံပြင်များ၊ စိတ်ကြည်လင် ရွှင်လန်းစေရန် ကိုယ်ကာယ လှုပ်ရှားမှုများ လုပ်ဆောင်စေခဲ့ပြီး အလုပ်သမားပပျောက်ရေး အသိပညာပေး နံရံကပ်စာစောင်များ ပြသခဲ့သည်။ **လပြည့်လင်း(ပြန်/ဆက်)**

## မြောင်းမြမြို့နယ်၌ မီးဘေးလုံခြုံရေး စစ်ဆေး

**မြောင်းမြ ဩဂုတ် ၆**

မြောင်းမြမြို့နယ်ရှိ ပုဂ္ဂလိကဆေးရုံများ၌ မီးဘေးလုံခြုံရေးစစ်ဆေးခြင်းများကို ယမန်နေ့က ဆောင်ရွက်သည်။

အဆိုပါ စစ်ဆေးခြင်းလုပ်ငန်းများကို မြောင်းမြခရိုင်မီးသတ်ဦးစီးမှူး ဦးထွန်းနိုင်ဦး ဦးဆောင်သည့် ခရိုင် /မြို့ နယ် မီးသတ်တပ်ဖွဲ့ဝင်များက အရေးပေါ်အခြေအနေတွင် လူနာများ ဘေးကင်းစွာ ရွှေ့ပြောင်းနိုင်ရေး၊ safety zone သတ်မှတ်ထားရှိရေး၊ တပ်ဆင်ထားသော မီးငြိမ်းသတ်ရေးပစ္စည်းများ ကောင်းမွန်အသင့်ရှိရေး၊ မီးသတ်စခန်းများသို့ အချိန်မီဆက်သွယ် သတင်းပို့ရေးတို့ကို မှာကြားသည်။

ဆက်လက်၍ ပြည်သူများ မီးပေါ့ဆမှုမရှိစေရေးနှင့် မီးလောင်ဆုံးရှုံးမှုများ မဖြစ်ပေါ်စေရေးအတွက် မီးသုံးစွဲရာတွင် သတိပြုရမည့်ဆောင်ရန်၊ ရှောင်ရန်အချက်များကိုလည်း မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများတွင် အသံချဲ့စက်ဖြင့် လှည့်လည်၍ အပတ်စဉ်လှုံ့ဆော်သတိပေးမှုများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဇေယျာ(မြောင်းမြ)**



## ပေါက်ခေါင်းမြို့နယ်၌ ကလေးသူငယ်များအား ပုံမှန်ကာကွယ်ဆေးများ တိုက်ကျွေး၊ ထိုးနှံပေးလျက်ရှိ

**ပေါက်ခေါင်း ဩဂုတ် ၆**

ပေါက်ခေါင်းမြို့နယ်၌ ကလေးသူငယ်များ ကျန်းမာကြံ့ခိုင်စေရန်နှင့် ရောဂါကင်းရှင်းစေရန် ရည်ရွယ်၍ မွေးကင်းစမှ အသက်နှစ်နှစ်အောက် ကလေးသူငယ်များအား ပုံမှန်ကာကွယ်ဆေးများ တိုက်ကျွေး၊ ထိုးနှံပေးခြင်းကို မြို့နယ်ပြည်သူ့ဆေးရုံကြီး၌ ဩဂုတ် ၃ ရက်က တိုက်ကျွေး၊ ထိုးနှံပေးသည်။

ထိုသို့ ပုံမှန်ကာကွယ်ဆေးများ တိုက်ကျွေး၊ ထိုးနှံခြင်းကို လစဉ်ဆောင်ရွက်လျက်ရှိပြီး မြို့နယ်ပြည်သူ့ဆေးရုံကြီးမှ ကျန်းမာရေးဝန်ထမ်းများက မွေးကင်းစမှ အသက်နှစ်နှစ်အောက် ကလေးငယ်များအား ငါးမျိုးစပ်ကာကွယ်ဆေး၊ ပိုလီယိုရောဂါကာကွယ်ဆေး၊ ဝမ်းပျက်ဝမ်းလျှောရောဂါကာကွယ်ဆေး၊ မေးခိုင်ကာကွယ်ဆေး၊ ဂျပန်ဦးနှောက်ရောင်ရောဂါကာကွယ်ဆေး၊ ဝက်သက်ရောဂါကာကွယ်ဆေးနှင့် ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါကာကွယ်ဆေး စသည်တို့ကို တိုက်ကျွေး၊ ထိုးနှံပေးခဲ့ကြောင်း သိရသည်။ **ဖုန်းကျော်ဇင်(ပြန်/ဆက်)**

## ပေါင်မြို့နယ်၌ ကုန်ဈေးနှုန်းများ တည်ငြိမ်ကျဆင်းစေရေး အခြေခံစားသောက်ကုန်စည်များ ရောင်းချပေးလျက်ရှိ

**ပေါင် ဩဂုတ် ၆**

မွန်ပြည်နယ် ပေါင်မြို့နယ်၌ ကုန်ဈေးနှုန်းများ တည်ငြိမ်ကျဆင်းစေရေး အခြေခံစားသောက်ကုန်စည်များ ရောင်းချပေးခြင်းကို ယနေ့နံနက်ပိုင်းက ကဒါရပ်ကွက် မင်္ဂလာဈေး၌ ရောင်းချပေးလျက်ရှိသည်။

ထိုသို့ ရောင်းချရာတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ၏ ဦးဆောင်မှုဖြင့် အခြေခံစားသောက်ကုန်စည်များဖြစ်သည့် စားအုန်းဆီတစ်ပိဿာ ရည်ညွှန်းဈေး ၆၃၃၈ ကျပ်၊ ကြက်ဥလေးလုံး ငွေကျပ် ၁၅၀၀ စသည်တို့ကို ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးခဲ့ရာ အများပြည်သူများ ဝယ်ယူအားပေးခဲ့ကြောင်း သိရသည်။

**မွန်မလေး(ပြန်/ဆက်)**

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး (နေပြည်တော်)
  (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁
(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
  (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂
(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
  (၁) ၀၉-၃၄၉၀၃၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS) ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆
(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
  (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈
(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
  (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀
(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
  (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၈၉၀၉၃၇၅၇၄
(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
  (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇
(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
  (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈
(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
  (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉
(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
  (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀
(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
  (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁
(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
  (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂
(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
  (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃
(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
  (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄
(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
  (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅
(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
  (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာ ဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန် သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများ ပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

## သဲကုန်းမြို့နယ်၌ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှု ဆောင်ရွက်

သဲကုန်း ဩဂုတ် ၆

သဲကုန်းမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ယနေ့နံနက်ပိုင်းက အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှုအဖြစ် ကိုယ်ဝန်ဆောင်၊ အသက်ငါးနှစ်အောက် ကလေးငယ်များအား ဗီတာမင်အေအားဆေးနှင့် သန်ချဆေးတိုက်ကျွေးခြင်း၊ ကိုယ်အလေးချိန်တိုင်းတာခြင်းတို့ကို ပြည်သူ့ကျန်းမာရေးဦးစီးဌာန၌ ဆောင်ရွက်သည်။

မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန သူနာပြုဆရာမကြီး ဒေါ်အေးစန်းက ကိုယ်ဝန်ဆောင်မိခင်များနှင့် ကလေးငယ်များအား ထိုးနှံပေးလျက်ရှိသော ကာကွယ်ဆေးများအကြောင်း၊ ကလေးငယ်များတွင် ဖြစ်ပွားနိုင်သောရောဂါများ၊ ကာကွယ်နိုင်သော နည်းလမ်းများနှင့် ဆောင်ရန်ရှောင်ရန်များကို ဆွေးနွေးဟောပြောပေးကာ ကျန်းမာရေးဆရာမ ဒေါ်အေးသန္တာက အိုင်အိုဒင်းဓာတ်ချို့တဲ့ခြင်းကြောင့် ကိုယ်ဝန်ဆောင်မိခင်နှင့် ကလေးများတွင် ဖြစ်ပေါ်တတ်သော ရောဂါများအကြောင်းအပါအဝင် ဘဝရှေ့ဆောင် ရက်တစ်ထောင် အနာဂတ်



အတွက် အလင်းရောင်၊ အစာအုပ်စုများ စုံလင်အောင်စား စသည့် ခေါင်းစဉ်တို့ဖြင့် ကျန်းမာရေးဆိုင်ရာ သိမှတ်ဖွယ်ရာဗဟုသုတအကြောင်း ဆွေးနွေးဟောပြောခဲ့သည်။

မြို့နယ်(ပြန်/ဆက်)

## တောင်တွင်းကြီး - မြို့သစ် - နတ်မောက်လမ်း ကျောက်ရောမြေခင်းခြင်းလုပ်ငန်း ဆောင်ရွက်

မြို့သစ် ဩဂုတ် ၆

မြို့သစ်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် တိုင်းဒေသကြီး (ငွေလုံးငွေရင်း) ရန်ပုံငွေဖြင့် ပေပင်ရိုး-ပုဂံမျှော် (တောင်တွင်းကြီး - မြို့သစ် - နတ်မောက်) လမ်းကို ကျောက်ရောမြေခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ဩဂုတ် ၅ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးသည်။



ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန တာဝန်ခံ အင်ဂျင်နီယာ(မြို့ပြ) ဒေါ်လဲ့လဲ့ခိုင်နှင့် တာဝန်ရှိသူများက ပေပင်ရိုး-ပုဂံမျှော် (တောင်တွင်းကြီး-မြို့သစ်-နတ်မောက်) လမ်းကို ကျောက်ရောမြေခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ ကျောက်ရောမြေခင်းခြင်းလုပ်ငန်းကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် တိုင်းဒေသကြီး (ငွေလုံးငွေရင်း) ရန်ပုံငွေ ၇၆ သန်းဖြင့် ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနက တာဝန်ယူ၍ ယခုနှစ် ဇွန်လတတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

နော်လူး

## ငါးသိုင်းချောင်းမြို့၌ စာဖတ်ရှုနိုင်မြှင့်တင်ရေး အသိပညာပေး

ငါးသိုင်းချောင်း ဩဂုတ် ၆

ငါးသိုင်းချောင်းမြို့၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန



နှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ စာဖတ်ရှုနိုင်မြှင့်တင်ရေး အသိပညာပေးဟောပြောခြင်း၊ နံရံကပ်စာစောင်ပြသခြင်းကို ယနေ့နံနက်ပိုင်းက လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မာလာအောင်က စာဖတ်ခြင်း၏ အကျိုးရလဒ်များကို ဆွေးနွေးဟောပြောပြီး ဦးခင်မောင်မြင့်(ရုပ်သံကျွမ်းကျင်-၃) က ယခုခေတ်လူငယ်များ ခံစားနေရသည့် လူကုန်ကူးမှုသည် ခေတ်သစ်ကျေးကျွန်စနစ်အသွင်ဖြင့် ပြန်လည်ပေါ်ပေါက်လာသည့်အတွက် ကျောင်းသား ကျောင်းသူများ မိမိကိုယ်ကို ကာကွယ်နေထိုင်ကြရန်၊ လူကုန်ကူးမှုခံရသူ၏ အဆိုးရွားဆုံးပုံစံများ ဆောင်ရန်၊ ရှောင်ရန် အချက်များကို ကျောင်းသား ကျောင်းသူများက လိုက်နာဆောင်ရွက်ကြရန် ဟောပြောသည်။

ငါးသိုင်းချောင်း(ပြန်/ဆက်)

## သာယာဝတီမြို့နယ်၌ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး ဆောင်ရွက်

သာယာဝတီ ဩဂုတ် ၆

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ်ရှိ အခြေခံပညာကျောင်းများ၌ သာယာဝတီမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဦးစီး၍ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်သည့်အနေဖြင့် ဖုံး၊ သွန်၊ လဲ၊ စစ်ခြင်း၊ အဘိတ်ဆေးခတ်ခြင်းများကို ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းက မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာများရှိ အခြေခံပညာကျောင်းများ၌ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးဝန်ထမ်းများက မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာများရှိ အခြေခံပညာကျောင်းများတွင် ဖုံး၊ သွန်၊ လဲ၊ စစ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီး ရေကန်များအတွင်း အဘိတ်ဆေးခတ်ခြင်းလုပ်ငန်း



များနှင့် စာသင်ခန်းများအတွင်း ခြင်ဆေးမှုတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့သည်။

ခရိုင်(ပြန်/ဆက်)

## ချောက်မြို့၌ စားသောက်ဆိုင်လုပ်ငန်းရှင်များအား အသိပညာပေးဆွေးနွေး

ချောက် ဩဂုတ် ၆

ချောက်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်စားသုံးသူရေးရာဦးစီးဌာနတို့ ပူးပေါင်း၍ စားသောက်ဆိုင်လုပ်ငန်းရှင်များအား အသိပညာပေးဆွေးနွေးခြင်းကို ယမန်နေ့က မြို့နယ်စားသုံးသူရေးရာဦးစီးဌာနရုံး၌ ဆောင်ရွက်ခဲ့သည်။

ဦးစွာ မြို့နယ်စားသုံးသူရေးရာဦးစီးဌာန တာဝန်ခံ ဒေါ်မြတ်မြတ်မိုးက စားသောက်ဆိုင်များတွင် အစားအသောက်ပြုပြင်ရောင်းချသည့် နေရာများ၌ သန့်ရှင်းသပ်ရပ်မှုရှိစေရေး၊ ဆိုင်ဝန်ထမ်းများ တစ်ကိုယ်ရေသန့်ရှင်းသပ်ရပ်မှုရှိစေရေး၊ ဆိုင်တွင်ရောင်းချသည့် ကုန်ပစ္စည်းအမျိုးအစားအလိုက် ဈေးနှုန်းများ ဖော်ပြထားရှိရေး၊ စားသုံးသူများအား ဝန်ဆောင်မှုပေးရာတွင် စိတ်ကျေနပ်မှုရှိစေရေးများကိုလည်းကောင်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သိမ့်ဝါက ကလေးအလုပ်သမားများ၏ အသက်အရွယ်နှင့် အလုပ်ချိန်ကန့်သတ်ချက်များ၊ ကလေးအလုပ်သမားများနှင့် ပတ်သက်သည့် ဥပဒေပြဋ္ဌာန်းချက်များ၊ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေများကိုလည်းကောင်း ဆွေးနွေးဟောပြောကာ တက်ရောက်လာသည့် ဆိုင်ရှင်များ၏ မေးမြန်းမှုများကို ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



## ကူရွာကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေ ပဉ္စမအကြိမ် ထုတ်ချေး

ညောင်ဦး ဩဂုတ် ၆

ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၅ - ၂၀၂၆ ဘဏ္ဍာနှစ်တွင် ကူရွာကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်း(VRFP)ရန်ပုံငွေ ပဉ္စမအကြိမ်ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

ဦးစွာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ဖြူမျိုးသွယ်က ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းရန်ပုံငွေ ကြီးကြပ်မှုကော်မတီဝင်များနှင့် အသင်းသားများကို တွေ့ဆုံ၍ ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်နှင့် အကျိုးကျေးဇူးများ၊ စီမံကိန်းအကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက စီမံကိန်းရန်ပုံငွေ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းမျဉ်း၊ စည်းကမ်းများကို ရှင်းလင်းပြောကြားပြီး ဒုတိယဦးစီးမှူးက ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၃၉ ဒသမ ၆ သန်းကို လွှဲပြောင်းပေးအပ်သည်။

ရဲဝင်းနိုင်(ညောင်ဦး)



## ငဖဲမြို့နယ်၌ နှမ်းနှမ်း ၁၄၄၂ ဧက ရိတ်သိမ်းပြီးစီး

ငဖဲ ဩဂုတ် ၆

ငဖဲမြို့နယ်၌ ဒေသတွင်းစားသုံးဆီဖူလုံစေရေးအတွက် နှမ်းသီးနှံများ စိုက်ပျိုးရာသီ၌ စိုက်ပျိုးခဲ့သည့် ဆီထွက်သီးနှံ နှမ်းနှမ်း ၁၄၄၂ ဧက ရိတ်သိမ်းပြီးစီးပြီး တင်းပေါင်း ၁၂၇၃၃ တင်းထွက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ငဖဲမြို့နယ်၌ နှမ်းသီးနှံများစိုက်ပျိုးရာသီတွင် ဒေသနှင့်ကိုက်ညီပြီး အထွက်နှုန်းကောင်းမွန်သည့် စမုန်နက် ၄၂၇ ဧက၊ ဆင်းရတနာ(၁၂) ၃၈၅ ဧကနှင့် သိပ္ပံနှမ်းနက် ဧက ၆၃၀ စုစုပေါင်း ၁၄၄၂ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး စမုန်နက်နှမ်းမျိုးနှင့် သိပ္ပံနှမ်းနက်မျိုးများကို အများဆုံးစိုက်ပျိုးကြကာ အဆိုပါနှမ်းခင်းများကို ဇူလိုင်လအတွင်း စတင်ရိတ်သိမ်းခဲ့ရာ ယနေ့အထိ ၁၄၄၂ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်သည်။

မယု(ငဖဲ)

## လယ်ဝေးမြို့နယ် သက္ကယ်ချင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေများ ဒသမအကြိမ်မြောက် ထုတ်ချေး



**လယ်ဝေး ဩဂုတ် ၆**

လယ်ဝေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သက္ကယ်ချင်းကျေးရွာရှိ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာစေရန်၊ တိုးပွားလာသော ရန်ပုံငွေများဖြင့် ကျေးရွာတွင်းဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် စသည့်ရည်ရွယ်ချက်များဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေများ ဒသမအကြိမ်မြောက် ထုတ်ချေးပေးခြင်းကို ယနေ့နံနက်ပိုင်းတွင် တာဝန်ရှိသူများက အဆိုပါကျေးရွာ၌ ထုတ်ချေးပေးသည်။

ဦးစွာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူး ဦးကျော်သူရက သက္ကယ်ချင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လည်ပတ်ရန်ပုံငွေများ ထုတ်ချေးရခြင်း၏ ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံသို့ အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၈၂၄ သိန်းကို လွှဲပြောင်းပေးအပ်ခဲ့သည်။

**စိန်လွင်(ကျေးလက်)**

## ရေးမြို့နယ်၌ ကလေးအလုပ်သမားပပျောက်ရေးနှင့် ပတ်ဝန်းကျင်နှင့်ပလတ်စတစ် ခေါင်းစဉ်တို့ဖြင့် အသိပညာပေးဟောပြော



**ရေး ဩဂုတ် ၆**

ရေးမြို့နယ်အတွင်းရှိ ကျောင်းသားလူငယ်များအနေဖြင့် ကျောင်းစာသင်ကြားသင်ယူမှုအပြင် ပြင်ပဗဟုသုတများကြွယ်ဝစေရေးအတွက် ရည်ရွယ်၍ ယနေ့နံနက်ပိုင်းက မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနတို့ ပူးပေါင်း၍ ကလေးအလုပ်သမားပပျောက်ရေးနှင့် ပတ်ဝန်းကျင်နှင့် ပလတ်စတစ်ခေါင်းစဉ်တို့ဖြင့် အသိပညာပေးဟောပြောခြင်းကို အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းခန်းမဆောင်၌ ကျင်းပသည်။

ဦးစွာ အမှတ်(၂) အခြေခံပညာအထက်တန်း ကျောင်းအုပ်ဆရာကြီး ဦးအောင်နိုင်ဝင်းက အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဇာဖြူဝင်းက ကလေးအလုပ်သမား၏ အဓိပ္ပာယ်ဖွင့်ဆိုချက်၊ ကလေးအလုပ်သမားအသက်အရွယ် အပိုင်းအခြား၊ ကလေးအလုပ်သမားအလုပ်ချိန်ကန့်သတ်ချက်၊ အထူးသဖြင့် ကျောင်းနေအရွယ်ကလေးများသည် ပညာသင်ကြားရမည့်အရွယ် လုပ်ငန်းခွင်လုပ်ကိုင်နေရခြင်းကြောင့် အနာဂတ်နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု များစွာထိခိုက်နစ်နာမှုရှိကြောင်း၊ မြို့နယ်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန တာဝန်ခံ ဒေါ်ထက်ဝါဝါမှူးက ပတ်ဝန်းကျင်ရှိ ဂေဟစနစ်များ ပျက်စီးဆုံးရှုံးမှုမဖြစ်ပေါ်စေရန် ပလတ်စတစ်အိတ်သုံးစွဲမှုလျှော့ချရေးကို တစ်ဦးတစ်ယောက်ချင်းမှစ၍ လိုက်နာရမည့်အကြောင်းတို့ကို ရှင်းလင်းဟောပြောခဲ့ကြောင်း သိရသည်။

**ရှင်းသန့်ဖြူ**

## ချောင်းဦးမြို့၌ မြန်မာအီလက်ထရောနစ်မဲပေးစက် ကိုင်တွယ်အသုံးပြုနည်း သင်တန်းဖွင့်

**ချောင်းဦး ဩဂုတ် ၆**

မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) ကိုင်တွယ်အသုံးပြုနည်း သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ချောင်းဦးမြို့ အနော်ရထာခန်းမ၌ ပြုလုပ်သည်။



ချောင်းဦးမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးစိုးဝင်းက မိတ်ဆက်စကားပြောကြားပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး ရွေးကောက်ပွဲအရာရှိ ဒေါ်ဆွေဆွေသန်းက ချောင်းဦးမြို့၌ မြန်မာအီလက်ထရောနစ် မဲပေးစက် (MEVM) ကိုင်တွယ်အသုံးပြုနည်း သင်တန်းဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးအောင်ကျော်ဦးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးအရာရှိနှင့် ဝန်ထမ်းများ၊ သင်တန်းသား သင်တန်းသူ ၈၄ ဦး၊ တာဝန်ရှိသူများ တက်ရောက်ပြီး သင်တန်းကာလကို မဲပေးစက်ကိုယ်တွယ်အသုံးပြုပုံ၊ ထိန်းသိမ်းနည်းများ ကျွမ်းကျင်သည်အထိ သင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။

**ဝင်းမြင့်အောင်(ပြန်/ဆက်)**

## ဒေးဒရဲမြို့နယ်၌ ကိုယ်ဝန်ဆောင်မိခင်များအား ကျန်းမာရေးအသိပညာပေးဟောပြော

**ဒေးဒရဲ ဩဂုတ် ၆**

ဒေးဒရဲမြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းက ကိုယ်ဝန်ဆောင်မိခင်များ အာဟာရပြည့်ဝစွာ စားသုံးနိုင်ရေးနှင့် နေ့စဉ်လိုက်နာရမည့် ကျန်းမာရေးဆိုင်ရာများကို သိရှိနိုင်စေရေး ရည်ရွယ်၍ ကိုယ်ဝန်ဆောင်မိခင်များအား ကျန်းမာရေးအသိပညာပေး ဟောပြောပွဲကို ယနေ့နံနက်ပိုင်းက မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ကျန်းမာရေးဆရာမက ကိုယ်ဝန်ဆောင်မိခင်များ လိုက်နာရမည့် ကျန်းမာရေးဆိုင်ရာ အလေ့အကျင့်များ၊ နေ့စဉ်အာဟာရပြည့်ဝစွာ စားသုံးနိုင်ရေး ပါဝင်ရမည့် အစားအစာအုပ်စုများကို အသိပညာပေးဟောပြောပြီး မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း အတွင်းရေးမှူး ဒေါ်သက်သက်စိုးက ကိုယ်ဝန်ဆောင်မိခင်များအား ကျန်းမာရေးဆိုင်ရာများ အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

**အေဇာလင်း**




## ချောင်းဆုံမြို့နယ်၌ မြို့နယ်အဆင့် ဂီတအစည်းအရုံးဖွဲ့စည်း

**ချောင်းဆုံ ဩဂုတ် ၆**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်၌ ဂီတနှင့် ပတ်သက်သည့် လုပ်ငန်းများကို စနစ်တကျ ဆောင်ရွက်နိုင်ရေးအတွက် မြို့နယ်အဆင့် ဂီတအစည်းအရုံးဖွဲ့စည်းခြင်းကို ယနေ့နံနက်ပိုင်းက ကျွန်းသာယာခန်းမ၌ ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ မွန်ပြည်နယ် ဂီတအစည်းအရုံးဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးမှူးများ၊ ဂီတပညာရှင်များနှင့် ဆောင်းဘောက်လုပ်ငန်းရှင်များ တက်ရောက်သည်။



ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်နိုင်ဝင်းနှင့် မွန်ပြည်နယ် ဂီတအစည်းအရုံးဥက္ကဋ္ဌ ဦးချိုချိုတို့က အမှာစကားပြောကြားပြီး တက်ရောက်လာကြသူများ၏ အများဆန္ဒအရ မြို့နယ်အဆင့် ဂီတအစည်းအရုံး အမှုဆောင် ၁၅ ဦးနှင့် အလုပ်အမှုဆောင်များ ရွေးချယ်ပြီး မြို့နယ်အဆင့် ဂီတအစည်းအရုံး အလုပ်အမှုဆောင်အဖွဲ့နှင့် အမှုဆောင်များက ကတိသစ္စာပြုခြင်းနှင့် မိတ်ဆက်စကား ပြောကြားခြင်းများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ကိုကျော်(ချောင်းဆုံ)**

## သာယာကုန်းကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး မိတ်ဆက်ရှင်းလင်း

**သရက် ဩဂုတ် ၆**

သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကိုးပင်ကျေးရွာအုပ်စု သာယာကုန်းကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဩဂုတ် ၅ ရက်က အဆိုပါကျေးရွာဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည်။

သာယာကုန်းကျေးရွာ၌ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းရန်ပုံငွေကျပ်သိန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေများအသုံးပြုပြီး ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဝန်ထမ်းများ၏ ကြီးကြပ်မှုဖြင့် ကျေးရွာသူ ကျေးရွာသားများကိုယ်တိုင် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဆက်လူ**

## ပေါင်းတည်၌ ပဲတီစိမ်းဧက ခြောက်ထောင်ကျော် စိုက်ပျိုးကာ ဖြစ်ထွန်းအောင်မြင်

**ပေါင်းတည် ဩဂုတ် ၆**

ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ်၌ ၂၀၂၅ ခုနှစ် မိုးသီးနှံ ပဲတီစိမ်းစိုက်ပျိုးရေးကို ၆၅၄၈ ဧကစိုက်ပျိုးရန် လျာထားခဲ့ပြီး ယခု လျာထားချက်ပြည့်မီအောင် စိုက်ပျိုးပြီးစီးခဲ့ပြီဖြစ်ကြောင်း မြို့နယ်မြေစာရင်းဦးစီးဌာနမှ သိရသည်။

ပေါင်းတည်မြို့နယ်ရှိ တောင်သူအများစုသည် မေလနှင့် ဇွန်လအကြားတွင် ပဲတီစိမ်းကို စတင်စိုက်ပျိုးလေ့ရှိပြီး အများအားဖြင့် ရက်၆၀၊ ရေဆင်း-(၁၆) မျိုးကောင်းမျိုးသန့်ကို စိုက်ပျိုးကြကာ မိမိစိုက်ပျိုးမြေအနေအထားနှင့် ကိုက်ညီသည့် ပဲမျိုးများကိုလည်း ရွေးချယ်စိုက်ပျိုးကြသည်။



ယခုအခါ မြို့နယ်အတွင်းရှိ တောင်သူများ စိုက်ပျိုးထားသော ပဲတီစိမ်းများ ဖြစ်ထွန်းအောင်မြင်လျက်ရှိကြောင်း သိရသည်။

**ရွှေသား(ပြန်/ဆက်)**




## ဘိုးဘပိုင်/မြေပိုင်အခွင့်အရေးရရှိထားသောမြေအမည်ပြောင်း လျှောက်ထားကြောင်းကြေညာစာ

တောင်ငူမြို့၊ (၁၂)ရပ်ကွက်၊ အကွက်အမှတ်(၅-ဃ)၊ ဈေးတန်း၊ ဦးပိုင်အမှတ်(၄၅-က)၊ ဧရိယာ(၀.၀၄၇)ဧကရှိ အောက်ဖော်ပြပါ အလားအလာရှိသည့်-
(က) အရှေ့လားသော် - (၅)လမ်း၊ (ခ) အနောက်လားသော်- ဦးပိုင်(၄၅-ခ)၊ (ဂ) တောင်လားသော် - ဦးပိုင်(၄၅-ခ)၊ (ဃ) မြောက်လားသော် - ဦးပိုင်(၄၄-ဃ)+(၄၄-ခ)
အထက်ဖော်ပြပါမြေကို(ဘိုးဘပိုင်အမည်ပြောင်း)ပေးရန် THARAMON မှ လျှောက်ထားလာသည့်အတွက် ယင်း၏အမည်ကိုပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ(၂၁)ရက် မတိုင်မီ ဆိုင်ရာစာရွက်စာတမ်းအထောက်အထားများနှင့်တကွ အောက်တွင်လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။ သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်တင်ပြမှုမရှိပါကကန့်ကွက်သူမရှိဟုယူဆပြီးလုပ်ထုံး လုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့နယ်ဦးစီးဌာနမှူး၊ တောင်ငူမြို့နယ်မြေစာရင်းဦးစီးဌာန၊ တောင်ငူမြို့**

## အမည်မှန်

လားရှိုးမြို့နယ်၊ နားမတ်ကျေးရွာနေ (ဘ)စိုင်းဆိုင်ဝမ်း ၁၃/လရန(နိုင်)၁၅၂၈၆၁ ၏ သမီးဖြစ်သူ လားရှိုးမြို့ အ.ထ.က (၁)မှ နန်းဆမ်လျန်း၏ အမည်မှန်မှာ နန်းစံလင်း ဖြစ်ပါကြောင်း။

## ပျောက်ဆုံးကြောင်း

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကွတ်ခိုင်မြို့နေ (ဘ)ဦးကံခမ်း၏ သားဖြစ်သူ ဦးစိုင်းအောင်မြင့် ၁၃/ကခန(နိုင်)၀၀၄၇၈၂ ၏ နိုင်ငံကူးလက်မှတ်နံပါတ်(မမှတ်မိ)ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၆၅၀၄၇၂၂၅၆**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၄ဃ/၅၃၃၃၃ Honda Scoopy 110 ယာဉ်လက်ဝယ်ရှိသူ ဦးတေဇာလင်း ၉/ခအဇ(နိုင်)၀၂၈၀၈၅က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 75W/40425 Wanqiang 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ကိုဖြိုး ၉/ပကခ(နိုင်)၀၁၉၀၉၂က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ပြင်ဆင်ဖတ်ရှုပါရန်

၆-၈-၂၀၂၅ ရက်ထုတ် ဤသတင်းစာ၏ စာမျက်နှာ(၂၈)တွင် ဦးဂျိုင်နီလာဒင်(ခ) ဦးစိန်လှနှင့် အများသိစေရန်ကြေညာခြင်း ကြော်ငြာတွင် ဒေါ်လှဲ့လှဲ့ထွန်း ဟူသောနေရာတွင် **ဒေါ်လင်းလင်းထွန်း** ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4P/3845, TOYOTA TOYOTA ACE KDY 231, Light Truck (4x2) ယာဉ်လက်ဝယ်ရှိသူ ဒေါ်မေနှင်းပွား ၅/ကလတ(နိုင်)၁၀၅၆၉၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1M/2387, TOYOTA Hilux VIGO KUN 15 P/U(4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးနိုင်လင်းအောင် ၉/ပကခ(နိုင်)၀၀၆၀၃၈၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး (မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 70W/17620 Thai Anbo 125 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဥမ္မာခိုင် ၉/မထလ(နိုင်)၂၆၃၈၁၁က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ်81W/12197 Honda Click 125 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဝင့်ဝါဖူး ၉/အမရ(နိုင်)၁၅၄၀၇ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 12W/87067 Kenbo 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးကျော်အောင်လင်း ၉/အမရ(နိုင်)၀၁၅၅၇၃ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 54W/82075, Honda Click-125 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဥမ္မာခိုင် ၉/မတလ(နိုင်) ၂၆၃၈၁၁က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံးမိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ( ၃၀ ) ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**တရားမကျင့်ထုံးဥပဒေအမိန့် -၅၊ နည်းဥပဒေ -၂၀(၁)**
**မြောက်ဥက္ကလာပမြို့နယ်တရားရုံးတော်၌**
**၂၀၂၅ခုနှစ်၊ တရားမကြီးမှုအမှတ်-၇၈**

ဒေါ်အေးအေးခိုင် (တရားလို) နှင့် ဦးရန်သိန်း (တရားပြိုင်)

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ အမှတ်-၁၈၄၊ သန္တာ (၁၁)လမ်း၊ (င)ရပ်ကွက်နေ တရားပြိုင် ဦးရန်သိန်း(ယခုနေရပ်လိပ်စာ မသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက ပဋိညာဉ်အတိုင်း အရောင်းအဝယ်စာချုပ်အား မှတ်ပုံ တင်ပြုလုပ်ချုပ်ဆိုပေးစေလိုမှု နှင့် လျှောက်ထားစွဲဆိုချက် ရှိသည်ဖြစ်၍ သင်ကိုယ် တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကား အရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်၊ ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပ ပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၂၅ခုနှစ်၊ ဩဂုတ်လ ၁၉ ရက်(၁၃၈၇ခုနှစ်၊ ဝါခေါင်လဆုတ် ၁၁ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားပြိုင်မှ တရားလို၏ စွဲဆိုချက်ကို ထုချေရှင်းလင်းရန်ရုံးသို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများ နှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစ ရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှု မဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၅ခုနှစ်၊ ဩဂုတ်လ ၅ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ရဲမင်းထွန်း)**
**မြို့နယ်တရားသူကြီး**
**မြောက်ဥက္ကလာပမြို့နယ်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**တရားမကျင့်ထုံးဥပဒေအမိန့် -၅၊ နည်းဥပဒေ -၂၀(၁)**
**မြောက်ဥက္ကလာပမြို့နယ်တရားရုံးတော်၌**
**၂၀၂၅ခုနှစ်၊ တရားမကြီးမှုအမှတ်-၇၉**

ဒေါ်အေးအေးခိုင် (တရားလို) နှင့် ဒေါ်စီစီ (တရားပြိုင်)

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ အမှတ်-၁၀၂၊ သန္တာ (၁၁) လမ်း၊ (င)ရပ်ကွက်နေ တရားပြိုင် ဒေါ်စီစီ(ယခုနေရပ်လိပ်စာ မသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက ပဋိညာဉ်အတိုင်း အိမ်နှင့်မြေအရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှုနှင့် လျှောက်ထားစွဲဆိုချက် ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကား အရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်၊ ရုံးအခွင့်အမိန့်ရရှေ့နေ ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၂၅ခုနှစ်၊ ဩဂုတ်လ ၁၉ ရက်(၁၃၈၇ခုနှစ်၊ ဝါခေါင်လဆုတ် ၁၁ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားပြိုင်မှ တရားလို၏ စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစ ရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှု မဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၅ခုနှစ်၊ ဩဂုတ်လ ၅ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

**(ရဲမင်းထွန်း)**
**မြို့နယ်တရားသူကြီး**
**မြောက်ဥက္ကလာပမြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

မုံရွာမြို့၊ ကွေ့ကြီးရပ်ကွက်၊ အကွက်အမှတ်နှင့်အမည် (၆၇၉/ လှေကူးကွေ့ကြီး)၊ ဦးပိုင်အမှတ်(၁/၇၂-စ)၊ ဧရိယာ (၀ဒသမ၇၆၅)ဧကရှိ မြေကွက်အား ဦးသိန်းလွင်မှ မြေငှားစာချုပ်(အမည်ပြောင်း၊ သက်တမ်းတိုး) လျှောက်ထားခြင်းဖြစ်ပါသည်။ အဆိုပါမြေကွက်သည် မြို့မြေအမှုတွဲအမှတ် ၁၄၁/၁၉၉၄ အရ ဒေါ်ခင်ဆွေဝင်း၊ ဒေါ်စန္ဒာဆွေ အမည်ဖြင့် (၂၃-၁-၁၉၉၅)ရက်မှ (၂၂-၁-၂၀၂၅)ရက်အထိ နှစ်(၃၀)မြေငှားဂရန် ရရှိထားသော မြေဖြစ်ပြီး အဆိုပါ မြေငှားစာချုပ်မှာ (၂၂-၁-၂၀၂၅) ရက်တွင် သက်တမ်းကုန်ဆုံးပြီဖြစ်၍ ဦးသိန်းလွင် အမည်ဖြင့် မြေငှားစာချုပ် (အမည်ပြောင်း၊ သက်တမ်းတိုး) လျှောက်ထားရာ ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထား ခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ ကန့်ကွက်လွှာကြော်ငြာသည့် (၃၁-၇-၂၀၂၅)ရက်မှစ၍(၁၅)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည်မြေနှင့်အခွန်စည်းမျဉ်းဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ်(အမည်ပြောင်း၊ သက်တမ်းတိုး) ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ၊ မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် W/32119 Honda C 90 ယာဉ်လက်ဝယ်ရှိသူ ဦးသိန်းအောင် ၉/အမရ(နိုင်)၀၆၃၆၂၄ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 47W/33985 Kenbo 125, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်မာတင် ၉/မရတ(နိုင်)၀၇၇၀၁၂ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

## ဒီကရီကိုအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

**( တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂ )**
**မဟာအောင်မြေခရိုင်တရားရုံး**
**၂၀၁၉ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၇၉၉နှင့် ဆက်နွှယ်သည့်**
**၂၀၂၅ ခုနှစ်၊ တရားမဇာရီမှုအမှတ် - ၈၂**

ဦးဝင်းမောင်သန်း (၎င်း၏ အထွေထွေကိုယ်စားလှယ်စာရသူ ဒေါ်ခင်ဖြူဖြူနိုင်) (ဒီကရီအနိုင်ရသူ) နှင့် ၁။ ဦးအောင်ကျော်(ခ)ဖိုးကျော် ၂။ ဒေါ်ဇာနည်မြင့်(ခ)ဇာဇာ (တရားရှုံးများ)

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာနွယ်စဉ်ရပ်ကွက်၊ ၃၇လမ်းနှင့် ၃၈လမ်းကြား၊ ၆၉ လမ်းနှင့် ၇၀လမ်းနေ (၁) ဦးအောင်ကျော်(ခ)ဖိုးကျော် (၂) ဒေါ်ဇာနည်မြင့်(ခ)ဇာဇာ (ယခုနေရပ်လိပ်စာမသိ) တို့သိစေရမည်။

၂၀၁၉ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၇၉၉ တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်ဦးဝင်းမောင်သန်း(၎င်း၏ အထွေထွေကိုယ်စားလှယ်စာရသူ ဒေါ်ခင်ဖြူဖြူနိုင်) က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကို မထုတ်သင့်ကြောင်း အကြောင်း တစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေသို့မဟုတ် အခွင့်ရ ကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ၂၀၂၅ ခုနှစ်၊ ဩဂုတ် ၂၉ ရက် (၁၃၈၇ ခုနှစ်၊ တော်သလင်းလဆန်း ၇ရက်)မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် ဤရုံးတော်ရှေ့ လာရောက်ရမည်။

၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၁ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဇင်မျိုးသန့်)**
**ဒုတိယခရိုင်တရားသူကြီး(၅)**
**မဟာအောင်မြေခရိုင်တရားရုံး**

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 18W/87293၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ကျီစုအရှေ့ရပ်ကွက်၊ အကျယ်အဝန်းပေ(၂၀ x ၈၅)၊ ရွာမြေအမျိုးအစား အရှေ့လားသော် - ရွာပတ်လမ်းမကြီး၊ တောင်လားသော်-ဒေါ်စန်း နေအိမ်၊ မြောက်လားသော်- ဦးဌေးအောင် နေအိမ်ရှိ မြေကွက်သည် မိမိတစ်ဦးတည်း တရားဝင်ပိုင်ဆိုင်အကျိုးခံစားလျက်ရှိပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဦးစိန် ၁၂/လကန(နိုင်)၀၈၇၁၀၆ ပြောဆိုလာသဖြင့် ကျွန်ုပ်၏ မိတ်ဆွေ ဒေါ်တင်တင်ကြည် ၁၂/မဂတ(နိုင်)၀၃၃၇၆၀ မှ ယုံကြည်၍ ရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ ဤအရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက စာချုပ်စာတမ်းမူရင်း အထောက်အထားများနှင့် ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဒေါ်တင်တင်ကြည် ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဖြူဝေလွင်(LL.B, D.I.L, D.I.P.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၆၁၀/၂၁-၁၂-၂၀၂၁)**
**အမှတ်(၁၄၈/က)၊ ဘုရင့်နောင်လမ်း၊ ရန်ကုန်သစ်ရပ်ကွက်၊**
**သဃ်န်းကျွန်း မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၉-၅၀၃၄၅၈၇၊ ၀၉-၂၅၉၃၁၈၄၁၉**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 59W/53374, New Anbo 125 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဇင်မာအောင် ၉/ပသက(နိုင်)၁၆၃၀၉၇က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 76W/52540 Honda Wave 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးမြင့်အောင် ၅/မရန(နိုင်)၁၉၇၈၃၅ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီးဦးစီးမှူးရုံး (မုံရွာမြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 32W/65665, Yunde 110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ကြည်ပြာမောင်မောင် ၉/အမဇ(နိုင်)၀၂၄၄၁၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 45W/80932 Dayang 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးညီညီထွန်း ၅/မရန(နိုင်)၁၅၈၂၆၃ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီးဦးစီးမှူးရုံး (မုံရွာမြို့)**

## KHANT THAR CAR RENTAL SERVICES COMPANY LIMITED
## ဖျက်သိမ်းရန်ကြေငြာချက်

၁။ KHANT THAR CAR RENTAL SERVICES COMPANY LIMITED ကို အစုရှင်များ၏ဆန္ဒအရ အလိုအလျောက်ဖျက်သိမ်းရန် (၄-၈-၂၀၂၅) ရက်နေ့က ကုမ္ပဏီရုံးတွင် ကျင်းပသော သာမန်ထက်ထူးကဲသည့် အထူးအစည်းအဝေးကအထူးဆုံးဖြတ်ချက် ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးကပင် ကုမ္ပဏီ စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိအဖြစ် B97/4,Chinsu Road, Nawaday Shop House, Nawaday Garden Housing, (6) Ward Hlaing Thar Yar Township Yangon နေ ဒေါ်သီတာအေး (B.Com,CPA) (၈/မကန(နိုင်)၀၁၀၅၂၈) အား ခန့်ထားရန် ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီထံပေးရန် နှင့်ရရန်ရှိသည်များကို (၂) လအတွင်း စာရင်းရှင်းလင်း ဖျက်သိမ်းရေးအရာရှိ ထံဆက်သွယ်ဆောင်ရွက်ရန် ကြေငြာလိုက်ပါသည်။

**ဒေါ်သီတာအေး**
**(B.Com,CPA)**
**စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ**
**(MAIP-၀၀၁၉၃)**

## အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်တောင်ပိုင်း၊ မြိတ်လမ်း၊ အမှတ်-၁၁/A၊ မြေတိုင်းရပ်ကွက်အမှတ်-၆၆၊ အင်းဝအိမ်ရာ၊ မြေကွက်အမှတ် - ၁၁/A၊ ဧရိယာ ၀.၁၁၂ ဧကရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနရှိ မြို့မြေစာရင်းတွင် ဒေါ်စမ်းသီတာဝင်း (၁၂/တမန(နိုင်)၀၀၂၀၉၅) အမည် ပေါက်တည်ရှိသော မြေကွက်ဖြစ်ပါသည်။ ၎င်းအမည်ပေါက်သူထံမှ ကျွန်တော်၏မိတ်ဆွေကဝယ်ယူရန် နှစ်ဖက်သို့နှိုင်းသဘောတူညီမှုအပေါ် စရန်ငွေပေးချေပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ပါမြေကွက်နှင့်မြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်၏အရောင်းအဝယ် ကိစ္စနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့် အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အေးအေး**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၆၇၄၉)**
**အမှတ်-၃(B)၊ စစ်ကိုင်းလမ်း၊ မြကန်သာဥယျာဉ်အိမ်ရာ၊ လှိုင်မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၅၁၁၁၈၇၅**

## ကန့်ကွက်နိုင်ကြောင်းနှင့်အများသိစေရန်ကြေညာခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ သီရိရတနာရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၂/သီရိရတနာရပ်)၊ မြေကွက်အမှတ်(၁၄၉)၊ ဧရိယာ (၀ဒသမ၄၈၅) ဧက၊ (၂၁၃၃)စတုရန်းပေရှိ ဦးတင်မောင်လှ ၁၂/လကန(နိုင်)၀၂၂၃၁၂နှင့် ဒေါ်လင်းလင်းထက် ၁၄/ကခန(နိုင်)၀၇၇၂၃၃ အမည်ပေါက် အငှားဂရန်မြေကွက်၏ အကျိုးခံစားခွင့် အရပ်ရပ် အားလုံးတို့ကို လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံသူဖြစ်သော ဦးတင်မောင်လှ ၁၂/လကန(နိုင်) ၀၂၂၃၁၂နှင့် ဒေါ်လင်းလင်းထက် ၁၄/ကခန(နိုင်)၀၇၇၂၃၃တို့ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဦးမောင်မောင်သန်း ၁၂/ကတတ(နိုင်)၀၁၆၆၂၃မှ အပြီးအပိုင် ဝယ်ယူရန် အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက် အတွင်း ပိုင်ဆိုင်မှု အထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက် ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့် အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသူရဝင်း**
**(B.A,B.Sc(Hons),DBL(Credit),PGDL,LL.B,LL.M(Commercial Law),(WIPO)( Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၅၆၄)**
**အမှတ်(၂၇)၊ အောင်သပြေအရှေ့(၁)လမ်း၊၇(အရှေ့)ရပ်ကွက်၊ သာကေတမြို့နယ်၊**
**ဖုန်း-၀၉-၅၀၃၇၃၇၀၊ ၀၉-၄၂၀၀၁၈၄၆၅၊ ၀၉-၇၇၇၇၇၉၄၀၉**

## တစ်ဦးတည်းဖြစ်ကြောင်း

ဖြူးမြို့နယ်၊ အထက (၁) ကျောင်းမှ အလယ်တန်းပြ ဆရာမ ဒေါ်စပယ်(ခ)ဒေါ်စပယ် ၇/ဖမန(နိုင်)၀၇၃၆၅၀ သည် တစ်ဦးတည်း ဖြစ်ပါကြောင်း။

**ဒေါ်စပါယ်(ခ)ဒေါ်စပယ်**

## တစ်ဦးတည်းဖြစ်ကြောင်း

ဖြူးမြို့နယ်၊ အထက(ခွဲ)၂ ဇေယျာဝတီကျောင်းမှ ဒု အလယ်တန်းပြ ဆရာမ ဒေါ်ခင်နန်းဦး ၇/ဖမန(နိုင်)၁၃၀၆၅၇ ၏ ဖခင် ဦးညွန့်ရွှေ(ခ)ဦးမြင့်ရွှေမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးညွန့်ရွှေ(ခ)ဦးမြင့်ရွှေ**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
### (တရားမကျင့်ထုံးဥပဒေအမိန့် – ၅၊ နည်းဥပဒေ– ၂၀ )
### မော်လမြိုင်ခရိုင်တရားရုံးတော်
### ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်–၁၇၄

| | | |
|---|---|---|
| ၁။ ဦးကျော်နိုင် | နှင့် | ၁။ ဦးညာဏ်ဦး |
| ၂။ ဒေါ်စန်းစန်းအေး | | ၂။ ဦးမြဝင်း |
| | | ၃။ ဦးအောင်ကိုလတ် |
| | | ၄။ ဒေါ်အေးအေးသက် |
| | | ၅။ ဦးရင်ထွန်း |
| **တရားလိုများ** | | **တရားပြိုင်များ** |

သံဖြူဇရပ်မြို့နယ်၊ ကျိုက္ခမီမြို့နေ ဦးညာဏ်ဦး၊ ဒေါ်အေးအေးသက်နှင့် ဦးရင်ထွန်း (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင်တို့အပေါ်၌ တရားလိုက ၃-တရားပြိုင်နှင့် မိဘများ ချုပ်ဆိုခဲ့သည် ဆိုသော ခြံမြေအရောင်းအဝယ်စာချုပ်ကို ပယ်ဖျက်၍ တရားလိုများအား ဦးစွာဝယ်ယူပိုင်ခွင့် ချမှတ်ပေးစေလိုမှုလျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်တို့ ကိုယ်တိုင်ဖြစ်စေ၊၎င်းအမှုနှင့်စပ်လျဉ်း၍အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၀ ရက် ( ၁၃၈၇ ခုနှစ်၊ ဝါခေါင်လဆုတ် ၁၂ ရက် ) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလိုများ၏အဆိုလွှာကို ထုချေရှင်းလင်းရန် ဤရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်တို့ မလာရောက်ပျက်ကွက်ခဲ့လျှင် သင်တို့မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုများက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့်သင်တို့ကထုချေတင်ပြအမှီပြုလိုသည့်စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့် အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင်တို့၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၁ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(အောင်သိန်းဦး )**
**ခရိုင်တရားသူကြီး**
**မော်လမြိုင်ခရိုင်တရားရုံး**

## ဖခင်အမည်မှန်

ဇေယျာသီရိမြို့နယ်၊ အထက (ခွဲ) ခေတ်အေးကျောင်း Grade-10 တွင် ပညာသင်ကြားနေသော မမိုးကြယ်စင်၏ ဖခင်အမည်မှန်မှာ ဦးဇော်ဝင်း ၉/တကန(နိုင်)၁၅၁၄၇၀ ဖြစ်ပါကြောင်း။

## အမည်ပြောင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ ဗန်းမောက်မြို့၊ အထက (ဗန်းမောက်) Grade-4(A)မှ (ဘ) ဦးတင်မောင်ထွန်း ၅/ဗမန(နိုင်) ၀၂၀၃၃၂ ၏သမီး မထက်ယမင်းအိမ်အား မဆုရတီလင်းဟု ပြောင်းလဲခေါ်ဆိုပါရန်။

## ကန့်ကွက်နိုင်ပါသည်

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅၃)၊ မြေကွက်အမှတ်(၂၉၃၇)၊ ဒေါ်ရီရီဝင်း အမည်ပေါက်သော ပါမစ်မူရင်းပါ မြေအကျယ်ပေ (၄၀x၆၀)ရှိ မြေကွက်အနက်မှ မြေကွက်အမှတ်-၂၉၃၈နှင့် ကပ်လျက်ဘက် မြေအကျယ်ပေ(၂၀x၆၀)ရှိ မြေကွက်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးသည် ဒေါ်ဖြူဖြူခိုင် (၉/မခန(နိုင်)၁၆၉၈၂၆)မှ အရောင်းအဝယ်စာချုပ်အဆင့်ဆင့်တို့ဖြင့် ဝယ်ယူပိုင်ဆိုင်ပါကြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်း၊ ပါမစ်မူရင်းအချို့နှင့် စာချုပ်မူရင်းတို့ပါရှိကြောင်း၊ အရှုပ်အရှင်းတစ်စုံ တစ်ရာမရှိ ကင်းရှင်းပါကြောင်း ဝန်ခံပါသဖြင့် ကျွန်ုပ်၏မိတ်ဆွေမှ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ရာ ဤကြော်ငြာစာပါသည့်နေ့မှ(၇)ရက်အတွင်း စာချုပ်စာတမ်းမူရင်း၊ စာရွက်စာတမ်းမူရင်းများနှင့်တကွ ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်သည့်တိုင် ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်အား ပြီးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ-**
**ဒေါ်ဝေဝေခိုင်(ခ)ဒေါ်မြမြငွေ(H.G.P,LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၆၆၀၅)၊ (၂၀-၇-၁၉၉၈)**
**ရုံး-(ဃ/၃၀၄)၊ ပထမထပ်၊ ခေမာသီလမ်း၊ မြောက်ဥက္ကလာပမြို့နယ်။**
**ဖုန်း-၀၉ ၅၄၀၇၂၂၉**

## တစ်ဦးတည်းဖြစ်ကြောင်း

ဖြူးမြို့နယ်၊ အထက ဝဲကြီးကျောင်းမှ ဒုအလယ်တန်းပြ ဆရာမ ဒေါ်ဝင်းမာ ၇/ဖမန(နိုင်) ၀၈၉၂၃၇ ၏ဖခင် ဦးဗိုလ်ဖြူ(ခ) ဦးဘိုဖြူမှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

**ဦးဗိုလ်ဖြူ(ခ)ဦးဘိုဖြူ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 84W/56369, Suzuki Raider 150, M/C ယာဉ်လက်ဝယ်ရှိသူ ဦးကြည်ဇော် ၁၄/အဂပ(နိုင်) ၁၃၆၇၄၁ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး**
**(ပုသိမ်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 67W/58160, Luojia 110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးသက်နိုင်စိုး ၁၄/ပသန(နိုင်)၁၈၂၀၉၄ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်(၃၀)အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး**
**(ပုသိမ်မြို့)**

## ပျောက်ဆုံးကြောင်း

ဘိုကလေးမြို့နယ်၊ မဂူကျေးရွာအုပ်စု၊ ဓမ္မရက္ခိတ(၂)ကွက် ကျေးရွာနေ ဦးဆန်းအောင်၏သမီး မဖြိုးပပဇင်၏ နိုင်ငံသားစိစစ်ရေးကတ် ၁၄/ ဘကလ(နိုင်)၂၆၇၀၆၉ မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၆၆၃၅၄၂၃**

## အလိမ္မာ စာမှာရှိ

## CNG-စာအုပ်ပျောက်ဆုံး

ပြည်စံသူကုမ္ပဏီပိုင်သော ယာဉ်နံပါတ် - 2F-4536/6M-4538/2K-7379/9M-6925/9M-6956/ 4K-9776/ 4G-1359 များ၏ CNG သုံးစွဲခွင့် Gas စာအုပ်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၅၁၅၂၆၆၆**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၁)၊ လူနေ ရပ်ကွက် အမှတ်(၁၁)၊ နှောင်ရိုးလမ်း၊ မြေကွက်အမှတ် (၆၀၇) ဟုခေါ်တွင်သော နှစ်(၆၀)မြေငှားဂရန်တွင် ဒေါ်ကျော့ကေသွယ်နှင်း (၁၀/သဖရ(နိုင်)၁၅၇၈၀၈) အမည်ပေါက် အလျား (၄၀)ပေ x အနံ (၆၀)ပေ၊ ဧရိယာ (၂၄၀၀) စတုရန်းပေ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား ပိုင်ဆိုင်မှုအရှုပ်အရှင်းကင်း၍ မိမိသာလျှင်ပိုင်ဆိုင်ကြောင်း တာဝန်ယူရောင်းချသူ အမည်ပေါက် ဒေါ်ကျော့ကေသွယ်နှင်း (၁၀/သဖရ(နိုင်)၁၅၇၈၀၈) ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ ဖြစ်သော ဒေါ် k ဘောက်ဂျာ (၁/မကန(နိုင်)၀၆၉၆၅၈) မှ အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်တို့ထံသို့ တိကျခိုင်လုံသော တရားဝင်ပိုင်ဆိုင်မှုစာချုပ် စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်ပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးအပိုင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်kဘောက်ဂျာ၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်ဥမ္မာမြင့် (LL.B, D.B.L)** | **ဒေါ်မြတ်နိုးခင်(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ စဉ်-၈၃၅၁(၁၃-၉-၂၀၁၂)** | **အထက်တန်းရှေ့နေ စဉ်-၅၃၁၅၀ (၃၀-၆-၂၀၂၀)** |

**အမှတ်(၈၉၉)၊ မဟာဗန္ဓုလလမ်း၊ (၃၁)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၉၇၂၃၀၉၈၉၂**

## ဖခင်အမည်မှန်

ပျော်ဘွယ်မြို့နယ်၊ အထက (အနောက်လျှော်ဖြူကုန်း) G-12 မှ မောင်အောင်ကျော်မင်းခန့်၊ G-7 မှ မမြတ်နိုးအိမ့်ချစ်၊ သဲတော(ဘက) G-4 မှ မဆုလာဘ်ထည်တို့၏ ဖခင်အမည်မှန်မှာ ဦးနီနီကျော်၊ ၉/ပဘန (နိုင်) ၁၆၀၉၀၉ ဖြစ်ပါကြောင်း။

## ဖခင်နှင့်မိခင်အမည်မှန်

ဧရာဝတီတိုင်းဒေသကြီး၊ ဒေးဒရဲမြို့၊ မြို့မ အမကကျောင်း G-3မှ မမေမြတ်နိုးအောင်၏ ဖခင်နှင့် မိခင်အမည်မှန်မှာ ဦးရဲလင်းအောင်နှင့် ဒေါ်ဝေဝေလွင်တို့ ဖြစ်ပါကြောင်း။

**ဦးရဲလင်းအောင်**
**၁၄/ဒဒရ(နိုင်)၁၅၈၄၁၁**

## အမည်မှန်နှင့် ဖခင်အမည်မှန်

ဧရာဝတီတိုင်းဒေသကြီး၊ ဒေးဒရဲမြို့နယ်၊ ဘိုးတုတ်ကျေးရွာ အထက (ဘိုးတုတ်) G12 ကျောင်းသူ မစုပြည့်သဇင်၏ အမည်မှန်မှာ မဆုပြည့်သဇင် (၁၄/ဒဒရ(နိုင်)၂၆၇၉၈၄) ဖြစ်ကြောင်းနှင့် ၎င်း၏ဖခင်အမည်မှန်မှာ ဦးအောင်ကို (၁၄/ဒဒရ(နိုင်)၁၅၂၄၃၃) ဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ကြောင်း

ကျောက်ပန်းတောင်းမြို့နယ်( အ လ က) တောင်ပေါ် (တ) ကျောင်းမှ ဦးဟန်ဂင်းအောင် လယ်/အုပ် ၏ဖခင် ဦးကြည်သောင်း (ခ) ဦးအောင်ကျော်သည်အခြေခံပညာအထက်တန်းအောင်လက်မှတ်(က) ပါအရ တစ်ဦးတည်းဖြစ်ပါ ကြောင်း။

**ဦးကြည်သောင်း (ခ) ဦးအောင်ကျော်**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၈/ဒက္ခိဏသီရိ အလယ်ရပ်)၊ မြေကွက်အမှတ်(ဒ-၃၁၁၈၆)၊ မြေဧရိယာ (၀ ဒသမ ၁၄၆) ဧကရှိ ဦးမင်းဆွေလှိုင် (ဘ)ဦးစောရွှေ ၈/ခမန(နိုင်) ၁၀၄၀၆၇ အမည်ပေါက် နှစ် (၃၀)မြေငှားစာချုပ် မြေကွက်ကို ဦးမင်းဆွေလှိုင်မှ Global Technology Co.,Ltd နှင့်အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ၊ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံး လုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက်အမှတ် (ဖဖ-၇)၊ ဦးပိုင်အမှတ်(၁၀၇)၊ ဧရိယာ(၀.၀၅၅၁)ဧကအကျယ်အဝန်းရှိ ဂရန်မြေကွက်သည် တပ်သားရဲထွေး အမည်ပေါက် ပိုင်ဆိုင်သော မြေကွက်ဖြစ်ပါသည်။ တပ်သားရဲထွေးထံမှ ကျွန်ုပ်မိတ်ဆွေများဖြစ်သော ဒေါ်တိုးတိုးစီနှင့် ဒေါ်စန္ဒာတို့က အရောင်းအဝယ်အရပ်ကတိစာချုပ် ချုပ်ဆိုခဲ့ပြီး လက်ရှိနေထိုင် ပိုင်ဆိုင်လျက်ရှိပါသည်။ အဆိုပါ အရောင်းအဝယ်ကတိစာချုပ်တွင် မှတ်ပုံတင် အရောင်းအဝယ် စာချုပ်အား ချုပ်ဆိုလိုသည့်အချိန်တွင် အချိန်မရွေး ချုပ်ဆိုပေးပါမည်ဟု ဝန်ခံကတိပြုထားခဲ့၍ ဤကြော်ငြာသည့်ရက်မှစပြီး (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ဆက်သွယ်ပါရန် အကြောင်းကြားအပ်ပါသည်။ အကယ်၍ လာရောက်ဆက်သွယ်ခြင်းမရှိပါက အရောင်းအဝယ် မှတ်ပုံတင်စာချုပ်ကို ဥပဒေနှင့်အညီ ဆောင်ရွက်တော့မည်ဖြစ်ကြောင်း တပ်သားရဲထွေးနှင့်တကွ အများသိရှိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နန္ဒီထက်အောင် (LL.B, D.B.L, D.I.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၇၉၀)**
**၆၅x၆၆ လမ်းကြား၊ ရေနီမြောင်းလမ်း၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့၊**
**ဖုန်း-၀၉-၂၅၉၀၄၅၅၃၃**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3K/8358, Toyota Hiace TRH200, MiNi Bus (4x2) Rယာဉ်လက်ဝယ်ရှိသူ ဦးချစ်ထွန်း ၇/ပမန(နိုင်)၀၂၅၁၇က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(ရန်ကုန်အနောက်ပိုင်း)**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ လူနေရပ်ကွက်အမှတ် (ဝန်ထမ်းကြီးအိမ်ရာ)၊ မြေတိုင်းရပ်ကွက်အမှတ် (၂၈)၊ မြေကွက်အမှတ် (၂၀၀)၊ အကျယ်အဝန်း (၆၀ပေx၈၀ပေ)၊ ဧရိယာ (၀.၁၁၀)ဧကရှိ ဒေါက်တာ နော်မာသေး (၇/ပခန(နိုင်)၀၁၃၅၀၁) အမည်ပေါက် ပါမစ်မြေအမျိုးအစား မြေကွက် အပါအဝင် မြေကွက်ပေါ်ရှိ ဂိုဒေါင်တစ်လုံးနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဦးခင်မောင်မြင့် (၁၂/ပဘတ(နိုင်)၀၂၄၁၁၃)မှ မိမိကိုယ်တိုင် ပါမစ်အမည်ပေါက်ထံမှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး အရှုပ်အရှင်းကင်း၍ ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံပြောဆိုလာသဖြင့် ၎င်းထံမှ ကျွန်ုပ်မိတ်ဆွေ ဦးမောင်မောင်ကြီး (၁၂/မဂတ(နိုင်)၀၅၂၇၂၆)က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ တရားဥပဒေနှင့်အညီ အကျိုးခံစားခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောစာချုပ်စာတမ်း အထောက်အထား (မူရင်း)များဖြင့် ကြော်ငြာပါသည့် (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်အား ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝေနွယ်အောင် (LL.B) အထက်တန်းရှေ့နေ (စဉ်-၅၆၈၄၇)**
**(၆/၁)၊ ခွာညိုလမ်း၊ (၁၄/၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၄၂၀၂၁၇၂၇၂၊ ၀၉-၉၆၄၂၁၇၂၇၂**

## ကန့်ကွက်နိုင်ပါကြောင်း

